ကြေးမှုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ တနလာနေ့၊ (12-1-2015) (စဝဇ)

သားကောင်းသမီးကောင်းရတနာ

❖ မိသားစုအကျိုး ရွက်သယ်ပိုး ကြိုးစားဆောင်ရွက်ပါ။

❖ ရပ်ရွာအကျိုး ရွက်သယ်ပိုး ကြိုးစားဆောင်ရွက်ပါ။

❖ နိုင်ငံအကျိုး ရွက်သယ်ပိုး ကြိုးစားဆောင်ရွက်ပါ။

❖ အဲဒါမှ ဝေဆာဖြိုးလှစ် အားခွန်သစ် မျိုးဆက်သစ်ရတနာ ဖြစ်ကြမှာဖြစ်ကြမှာ၊ ကြိုးစားပါ. . . ကြိုးစားပါ။

(ယဉ်ကျေးလိမ္မာ မျိုးဆက်သစ်ရတနာစာအုပ်မှ)

အနာဂတ်မျိုးဆက်သစ်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းများဖြင့် ပညာတတ်များဖြစ်အောင် သင်ကြားပေး

နေပြည်တော် ဇန်နဝါရီ ၁၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၉ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း-၁၉၂၀)၏ (၉၅)နှစ်ပြည့်နှင့် (၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရွှေပင်ဆင့်ဆောင်၌ ကန်တော့ခံဆရာကြီး ဆရာမကြီးများ ဖြစ်ကြသောဆရာကြီး ဦးလှမောင်၊ ဆရာကြီး ဦးထွန်းရှိန်၊ ဆရာကြီး ဦးမြင့်လွင်၊ ဆရာကြီးဦးစိုးသန်း၊ ဆရာကြီး ဦးစိုးတင့်၊ ဆရာမကြီးဒေါ်တင်တင်နုနှင့် ဆရာမကြီးဒေါ်ရင်မြင့်တို့အား မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ကန်တော့ပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒

ယူကရိန်းပြဿနာ စစ်ပွဲကြီး ပေါ်ပေါက်နိုင်ကြောင်း ဂေါ်ဘာချော့ပ် သတိပေး — စာမျက်နှာ ›› ၄

ကျားပေါက်ငယ်သုံးကောင်အား နေ့စဉ်ပြုစုစောင့်ရှောက် — စာမျက်နှာ ›› ၇

ဖားကန့်မြို့ စွန့်ပစ်မြေစာပြိုကျမှု ပျောက်ဆုံးသူများကို ဆက်လက်ရှာဖွေ — စာမျက်နှာ ›› ၁၀

လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက် — စာမျက်နှာ ›› ၁၂

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ကျေးရွာ ၁၁ ရွာမှ တောင်သူများ၏သီးနှံများအား အခမဲ့ရိတ်သိမ်းပေးလျက်ရှိ၍ ကျေးဇူးတင်

ဆားလင်းကြီး ဇန်နဝါရီ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဧရိယာအတွင်း ကျေးရွာ ၁၁ ရွာမှ တောင်သူများ စိုက်ပျိုးထားသော သီးနှံမျိုးစုံများကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီမှ စတင်ပြီး ရိတ်သိမ်းပေးလျက်ရှိရာ လာရောက်ဆက်သွယ်သော တောင်သူများအား တာဝန်ရှိသူများက လုပ်အားခအကုန်အကျခံပြီး ရိတ်သိမ်းပေးလျက်ရှိသည့် အပြင် အိမ်အရောက်ကားဖြင့် ပို့ဆောင်ပေးကာ အခမဲ့ရိတ်သိမ်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ သီးနှံရိတ်သိမ်းဆောင်ရွက်ပေးရာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဧရိယာအတွင်းတွင် စိုက်ပျိုးထားသော ဆည်တည်းဇီးတောရွာသစ်၊ ရွာဟောင်း၊ မိုးကြိုးပြင်(လ၊တ၊မ)၊ ရွှေလှေ၊ တုံ၊ လက်ပံတောင်း၊ လယ်တီ၊ ကံတော စသည့် ကျေးရွာများမှ တောင်သူ စုစုပေါင်း ၁၂ ဦး၏ လယ်ယာမြေပေါင်း ၂၂ ဒသမ ၆၈ ဧကပေါ်ရှိ စပါး၊ ပြောင်း၊ နေကြာ၊ ပဲစင်းငုံ စသည့် သီးနှံများကို အခမဲ့ရိတ်သိမ်းပေးခဲ့ကြောင်း ဆားလင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအတွင်းရှိ ငွေသာခန်းမ၌ သီးနှံထောက်ပံ့ကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် တာဝန်ရှိသူများက ဒေသခံအလုပ်သမား ၁၀၅ ဦးဌားရမ်းကာ သီးနှံရိတ်သိမ်းပေးခဲ့ရာတွင် ကားဌားရမ်းခများအပါအဝင် ကုန်ကျစရိတ်အားလုံးအား အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း ၎င်းကပြောသည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❍

ကြေးမုံ စာတည်းရုံးထောင် ၁၂-၁-၂၀၁၅၊ တနင်္လာနေ့

ပြည်သူများ၏လိုအင်ဆန္ဒပြည့်ဝဖို့

မြန်မာနိုင်ငံရှိလူဦးရေ ၅၁ သန်းကျော်၏ တူညီသောဆန္ဒမှာ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ ထိုလူဦးရေအနက် ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသောအချက်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်အလေးထားကာ နိုင်ငံသားအားလုံးဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ကြားသိနေရပါသည်။ တစ်ဆက်တည်းပင် လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျလာစေရေးအတွက် လုပ်ငန်းစဉ်(၈)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကိုလည်း တွေ့ရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို စတင်ပြောင်းလဲကျင့်သုံးစဉ်ကာလမှစတင်၍ ပြည်သူ့ဆန္ဒကို အကောင်အထည်ဖော်ပေးရန်အတွက် ရည်မှန်းချက်ထားကာ အဆင့်ဆင့်ဆောင်ရွက်နေသည်ကို မြင်တွေ့ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်နေသည်ကိုလည်း တွေ့ရပါသည်။ ကျန်ရှိသောလုပ်ငန်းများကိုလည်း ဆက်လက်ဖော်ဆောင်နေသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။

ဒီမိုကရေစီအစိုးရ၏ သက်တမ်းကာလအတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်နေသည်မှာ ငြင်းနိုင်ဖွယ်ရာ မရှိပါ။ ထိုသို့ပြောင်းလဲဖော်ဆောင်မှုများမှာ မိမိနိုင်ငံနှင့် အလားတူနိုင်ငံများ နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းစွာဖြင့် အသွင်ကူးပြောင်းနေသည်ကို တွေ့ရပါသည်။

လူမှုဘဝပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် စီးပွားရေးသည် အရေးကြီးသောကဏ္ဍမှပါဝင်ပါသည်။ ထိုကဏ္ဍမှ လူနည်းစုထက် လူများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြှင့်တင်အားပေးရန်မှာ အရေးကြီးသောအချက်ဖြစ်သည်။ သို့မှသာ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပြီး ဆင်းရဲမှုလျော့ကျမည်ဖြစ်သည်။ တစ်သီးသာစိုက်ပျိုးနိုင်သည့်စနစ်မှ နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်အောင်၊ မိရိုးဖလာစိုက်ပျိုးရေးစနစ်မှ ပိုမိုအထွက်တိုးသည့် စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်သို့ကူးပြောင်းနိုင်အောင် ဆောင်ရွက်ရန်လိုအပ်လျက်ရှိရာ ထိုလိုအပ်ချက်ကို နိုင်ငံတော်က အားပေးကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို တွေ့ရပါသည်။

တောင်သူလယ်သမားများအတွက် သမဝါယမအသင်းများဖွဲ့စည်းထူထောင်စေပြီး ကုန်ထုတ်သွင်းအားစုများတိုးတက်အောင် ဖြည့်ဆည်းပေးနေသည်မှာ ကောင်းမွန်ပါသည်။ လိုအပ်ချက်မှာ နိုင်ငံ၏ပေါများကြွယ်ဝသည့် သဘာဝသယံဇာတအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရန် ဒေသအလိုက် လူစွမ်းအားအရင်းအမြစ်များ လိုအပ်ပါသည်။ ထို့အပြင် မြေရှိ၊ ရေရှိပြီး အရင်းအနှီးမရှိလျှင် အလုပ်မဖြစ်သဖြင့် သမဝါယမက အရင်းအနှီးများ စိုက်ထုတ်ချေးပေးနေသည်။ တစ်ဖက်တွင်လည်း ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ပေးလျက်ရှိသည်ကိုတွေ့ရသည်။ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နယ်မြေဒေသအလိုက် ထူးချွန်သူလူငယ်များအား နိုင်ငံတကာသို့ ပညာသင်များစေလွှတ်ပေးရန် စီစဉ်နေပြီဖြစ်ကြောင်းကြားသိရ၍ ဝမ်းမြောက်မိပါသည်။

နိုင်ငံတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာရန်မှာ ကျေးလက်ဒေသမှအစပြု၍ မြို့နယ်၊ ခရိုင်မှ တိုင်းဒေသကြီးနှင့်ပြည်နယ်များပါ ဖွံ့ဖြိုးဖို့လိုအပ်ပါသည်။ ထိုသို့ဖွံ့ဖြိုးရန်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန်၊ လျှပ်စစ်ဓာတ်အားရရှိရန်၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရန်၊ ဒေသအလိုက်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းလာရန် လိုအပ်ပါသည်။ ထိုလိုအပ်ချက်ကို နိုင်ငံတော်ကဆောင်ရွက်ပေးနေသော်လည်း ကြီးမားကျယ်ပြန့်လှသဖြင့် အားလုံးတက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်အတွက် ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးနေသောလုပ်ငန်းများကို နားလည်သိမြင်ပြီး အတူလက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါသည်။ ။

အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲကျင်းပ

သတင်း - ခင်ချိုဝင်း
ဓာတ်ပုံ - ရဲထွင့်

ရန်ကုန် ဇန်နဝါရီ ၁၁

ပညာရေးဝန်ကြီးဌာန ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က အမှာစကားပြောကြားပြီး အင်္ဂလိပ်စာဘာသာ စာစစ်မှူးချုပ် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်ခေါ်ဂျူးဖောနှင့် သင်္ချာဘာသာ စာစစ်မှူးချုပ် ရန်ကုန်တက္ကသိုလ် သင်္ချာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်ဝင်းကြည်တို့က ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများ ဖြေဆိုမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်း ဗဟိုအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်တို့၌ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသော ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့အား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ဗဟိုအဆင့်သို့ တက်ရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်မည့်ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနများသို့ ပေးအပ်ချီးမြှင့်သည်။

"ကျွန်တော်တို့ ဖလမ်းမှာ အင်္ဂလိပ်စာကျောင်း အကောင်းစားတွေ မရှိပါဘူး။ ကျွန်တော်က အင်္ဂလိပ်စာကို အရူးအမူးချစ်ပါတယ်။ မိဘကလည်း အင်္ဂလိပ်စာနည်းနည်းပါးပါးတတ်တော့ ကျွန်တော်နဲ့ ပြောဆိုလို့ရပါတယ်။ ကျောင်းက ဆရာ ဆရာမတွေ သင်ပေးတာပဲ ရှိပါတယ်။ အိမ်မှာက တီဗီ၊ ကာတွန်းကားတွေကြည့်တယ်။ စာအုပ်တွေဖတ်တယ်။ အဲဒီလိုမျိုးတွေ လေ့လာတယ်။ အင်္ဂလိပ်စာကို တတ်ကျွမ်းချင်လို့ရှိရင်၊ အရာတစ်ခုခုကို တတ်ကျွမ်းဖို့ဆိုရင် အရေးကြီးတာက ကိုယ့်ရဲ့စိတ်ဝင်စားမှုပါပဲ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ပညာရေးကို မြှင့်တင်ပြီးတော့ တစ်နေ့ကျရင် ကမ္ဘာပေါ်မှာ နာမည်ရှိလာအောင် လုပ်ချင်ပါတယ်" ဟု ဒသမတန်း အင်္ဂလိပ်စာစွမ်းရည် ပထမဆုရရှိခဲ့သော ချင်းပြည်နယ်မှ မောင်လာလ်ရမ်းမွေးက အင်္ဂလိပ်စာ လေ့လာမှတ်သားခဲ့ပုံကို ပြောပြသည်။

သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

သုံးခွ ဇန်နဝါရီ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသောသူများအား မိုးပွင့်အဆင့်(၇)စီမံချက်ဖြင့် ကျေးရွာများအားကွင်းဆင်းဆောင်ရွက်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက်က မှိုကုန်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားတွင် မှိုကုန်းသာ၊ အောင်သာဒါန်း၊ ကဝကျေးရွာတို့မှ ဒေသခံပြည်သူ စုစုပေါင်း ၄၅၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝိတ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနဦးစီးအရာရှိ ဦးဥာဏ်ထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရှာမွေလတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။ (၀၂၀)

ပြည်တွင်းရေးရာ

❒ ရှေ့ဖုံးမှ

လက်ဆောင်ပစ္စည်းများ ဂါရဝပြုပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် အမျိုးသားကျောင်းဆောင်၌ကျင်းပသည့် အမျိုးသားကျောင်း (၉၅) နှစ်ပြည့်နှင့် (၁၅) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ဆရာကြီး ဆရာမကြီးများကို ယခုကဲ့သို့ ဂါရဝပြုပူဇော်ပွဲပြုလုပ်ချိန်တွင် ကျောင်းနေဖက် သူငယ်ချင်းများနှင့်ပြန်လည်တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ ထို့အတူ ယခင်အတိတ်သမိုင်းကြောင်းနှင့် ရှေးဟောင်းနှောင်းဖြစ်များ ပြောကြားခွင့်ရသည်ကို ဝမ်းသာကြည်နူးမှုဖြစ်ရပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ဇွဲရှိခြင်းနှင့် သတ္တိရှိစွာ ဆုံးဖြတ်ခြင်းများပြုလုပ်ကြရန် လိုအပ်ပါကြောင်း၊ ဖြူးမြို့နယ်သည် နိုင်ငံရေး၊ လူမှုရေး တို့၌ နိုးကြားတက်ကြွပြီး ရေ၊ မြေ၊ သစ်တော၊ သယံဇာတ အရင်းအမြစ်ပေါကြွယ်ဝသော ဒေသဖြစ်ပါကြောင်း၊ ထိုနည်းတူ လူသားအရင်းအမြစ်လည်းပေါကြွယ်ဝပါကြောင်း၊ သို့ဖြစ်၍ နောင်အနာဂတ်တွင် မျိုးဆက်သစ်လူငယ်များ၏ ဘဝအခြေအနေမြင့်မားအောင် လုပ်ပေးရမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများ၏ သင်ကြားပေးသည့် အကြောင်းအရာများကို သိရှိရုံဖြင့်မလုံလောက်ဘဲ သင်ခန်းစာရယူရန်လိုကြောင်း၊ အကြောင်းအရာ၊ အချက်အလက်များကို ဆွေးနွေးသုံးသပ်ပြီး သဘာဝသယံဇာတများကို လူသားအရင်းအမြစ်များဖြင့် မည်သို့ဖွံ့ဖြိုးတိုးတက်အောင်လုပ်ပေးရမည်ကို သုံးသပ်ရန်လိုကြောင်း၊ အနာဂတ်မျိုးဆက်သစ်များ စိတ်ဓာတ်၊ စည်းကမ်းကောင်းများဖြင့် ပညာတတ်များဖြစ်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ လူငယ်များကလည်း အချိန်ကိုတန်ဖိုးထားပြီး တာဝန်ကျေပွန်စွာထမ်းဆောင်ရန်လိုကြောင်း၊ မျိုးဆက်သစ်များအတွက် အခြေအနေကောင်းများ ဖန်တီးပေးရန်မှာ မိမိတို့တွင် တာဝန်ရှိပါကြောင်း။

လူငယ်များလုပ်ချင်စိတ်ရှိအောင်၊ လုပ်တတ်အောင် သင်ကြားပေးရန်လိုပြီး လုပ်နိုင်အောင်လည်း ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့ရပ်ရွာ ဒေသဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းသည် တိုင်းပြည်ကိုချစ်မြတ်နိုးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာ၌ အစဉ်အလာကောင်းရှိသော ဖြူးမြို့နယ် မကျန်ရစ်စေဘဲ လူကြီး၊ လူငယ်များအားလုံး ကျရာတာဝန်ကို ဝိုင်းဝန်းထမ်းဆောင်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကသည် ဖြူးမြို့နယ်ခန်းမ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မြို့နယ်ခန်းမတည်ဆောက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော်နာယကက ဖြူးမြို့နယ်ခန်းမ သတ်မှတ်ကာလအတွင်း ပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီတို့မှ တာဝန်ရှိသူများ၊ မြို့နယ်ဆေးရုံအုပ်ကြီးနှင့် မြို့နယ်ပညာရေးမှူးတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တင်ပြချက်များ အပေါ် သုံးသပ်ဆွေးနွေးပြီး ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

မြန်မာ-ထိုင်းနယ်စပ် ချစ်ကြည်ရေးတံတား(မြဝတီ) အချိန်တိုးမြှင့်ဖွင့်လှစ်

ကော့ကရိတ် ဇန်နဝါရီ ၁၁

သောင်ရင်းမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသော မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(မြဝတီ)ကို အများပြည်သူသွားလာရေး၊ နယ်စပ်ကုန်သွယ်ရေး ပိုမိုအဆင်ပြေ သွက်လက်လာစေရေးအတွက် နှစ်နိုင်ငံ နယ်ခြားကော်မတီတို့ ညှိနှိုင်းဆောင်ရွက်ချက်အရ တစ်နေ့လျှင် သုံးနာရီတိုးမြှင့်ဖွင့်လှစ်ရန် သဘောတူညီချက် ရရှိခဲ့သည်။ ထို့ကြောင့် ယခင်က နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖွင့်လှစ်ခဲ့ရာမှ ဇန်နဝါရီ ၅ ရက်မှ စတင်၍ နံနက် ၅ နာရီမှ ည ၈ နာရီအထိ တိုးမြှင့်ဖွင့်လှစ်သွားလာခွင့်ပြုခဲ့သည်။

သတင်း - တင်ဝင်းလှိုင်(ကော့ကရိတ်)
ဓာတ်ပုံ - ကျော်ဝင်းခိုင်(နောင်လုံ)

❍ လက်ပံတောင်းတောင်မှ

သီးနှံရိတ်သိမ်းမှုနှင့်ပတ်သက်၍ ရွှေလှေကျေးရွာမှ တောင်သူ ဦးစံတင်၏ ကွင်းအမှတ်(၄၇)၊ ၁ ဒသမ ၆၅ ဧက စောရှုပ်မိုးစပါး ရိတ်သိမ်းပေးရာတွင် "ယခုလို ကျွန်တော့်ရဲ့လယ်ကွက်ကို တာဝန်ရှိသူများက အလုပ်သမား ၂၀ ကျော်ငှားပေးကာ လုပ်အားခအကုန်အကျခံ၍ အခမဲ့ပို့ဆောင်ကူညီထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ လုပ်အားခက တစ်ရက်အတွက် အမျိုးသား ကျပ် ၄၀၀၀၊ အမျိုးသမီး ကျပ် ၃၅၀၀ ရရှိပါတယ်။ ဒေသခံ အလုပ်သမားများအတွက် အဆင်ပြေလို့ ဝမ်းသာပါတယ်။ ကျွန်တော်က ဒီစပါးကို ဝါခေါင်လကစတင်ပြီး စိုက်ပျိုးခဲ့ပါတယ်။ အခုအကွက်နဲ့ ကျန်တာ ရောဆို ဒီမြန်မာ-ဝမ်ပေါင် ကြေးနီစီမံကိန်းဧရိယာထဲမှာ ၁၀ ဧက နီးပါးပါတယ်။ တာဝန်ရှိသူများကလည်း ကျွန်တော်တို့လို တောင်သူများအတွက် သီးနှံမျိုးစုံ ထောက်ပံ့ကြေး ပေးအပ်မှာကို သိရလို့ ကျေးဇူးတင်ဝမ်းသာနေကြပါတယ်" ဟု ပြောသည်။

(တိုင်းဒေသကြီး မြန်/ဆက်)

မင်းဘူးခ၌ လေးမြှောပူးမွေးဖွားသည့်မိခင်အား ထောက်ပံ့ငွေပေးအပ်

မင်းဘူး ဇန်နဝါရီ ၁၁

မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်နေ ဒေါ်တင်ဇာကျော်ဝင်းသည် ၃၁-၁၂-၂၀၁၄ ရက်တွင် မွေးဖွားသည့် လေးမြှောပူးမိန်းကလေးများအတွက် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေကျပ် ငါးသိန်းကို ဇန်နဝါရီ ၅ ရက်က မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် မကွေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဒေါ်ခင်နွဲ့က သွားရောက်ထောက်ပံ့ပေးခဲ့သည်။ ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးသည် မွေးဖွားပြီး လေးမြှောပူးကလေးငယ်များ၏ ကျန်းမာရေး အခြေအနေများကိုကြည့်ရှုအားပေးခဲ့ပြီး ကလေးငယ်များမှာ ကျန်းမာလျက်ရှိကြောင်း သိရသည်။

ခင်မာလာ(မကွေး)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

အခင်မင်ရဆုံးသူငယ်ချင်း ဦးမြတ်ချိုဝင်း(ဦးဖိုးချို)သည် နိုင်ငံတော်မှ ချီးမြှင့်သော သိရိသုဓမ္မမဏိဇောတဓရဘွဲ့ကို ထိုက်ထိုက်တန်တန်ရရှိသည့်အတွက် သူငယ်ချင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံအကျိုး၊ သာသနာ့အကျိုးကို စွမ်းစွမ်းတမ်း ဆောက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက်-

အခင်မင်ဆုံးသူငယ်ချင်းများ

ဦးအောင်ကျော်ဦး + ဒေါ်နန်းစံဟွမ်ဆိုင်
ဦးစိန်ထွန်း + ဒေါ်မိမိစိုး
ဦးမောင်မောင်အေး + ဒေါ်ဝင်းဝင်းလှိုင်
ဦးတင်မြင့် + ဒေါ်ခင်ခင်ချို
ဦးထိန်လင်း + ဒေါက်တာခင်ခင်
ဦးမောင်မောင်လေး + ဒေါ်နန်းဟန် (USA)
ဦးဝင်းမြင့် + ဒေါ်စိုးစိုးနွယ်(သထုံ)
ဦးတင်မျိုးသန့် + ဒေါ်စန္ဒာကျော်(ရေတာရှည်)
ဦးတင်စိုး

သီရိလင်္ကာသမ္မတဟောင်း အာဏာဆုပ်ကိုင်ထားလိုမှုကို စုံစမ်းစစ်ဆေးမည်

ကိုလံဘို ဇန်နဝါရီ ၁၁

သီရိလင်္ကာသမ္မတဟောင်း မဟင်ဒါ ရာဇာပက်သသည် လွန်ခဲ့သည့်သီတင်းပတ်က ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားပြီးနောက် အာဏာဆက်ဆုပ်ကိုင်သွားရန် ကြိုးပမ်းခဲ့မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရအဖွဲ့သစ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သီရိလင်္ကာသမ္မတသစ် မီသရီပါလာ သီရိသေန၏ ပြောရေးဆိုခွင့်ရှိသူ မန်ဂလာ ဆမာရာဝီရာက အစိုးရအဖွဲ့သစ်အနေဖြင့် အာဏာရယူရန်ကြိုးပမ်းခဲ့မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားသည်။

“ လူတွေက ငြိမ်းချမ်းစွာအာဏာလွှဲပြောင်းသွားခဲ့တယ်လို့ထင်ခဲ့ကြတာ အဲဒါ လုံးဝမဟုတ်ပါဘူး” ဟု ဆမာရာဝီရာက ပြောကြားသည်။

ရာဇာပက်သသည် ကာကွယ်ရေးဦးစီးချုပ်နှင့် ရဲချုပ်တို့အား အကူအညီတောင်းရန် ကြိုးပမ်းခဲ့သော်လည်း ငြင်းပယ်ခံရပြီးနောက်မှသာ အာဏာလွှဲပြောင်းခဲ့ခြင်း ဖြစ်ကြောင်းနှင့် ကြာသပတေးနေ့က ရွေးကောက်ပွဲတွင် ၎င်းရှုံးနိမ့်နေကြောင်း၊ မဲရေတွက်မှုများသိသာစွာ ထွက်ပေါ်လာချိန်တွင် မဲရေတွက်မှုကို ရပ်ဆိုင်းရေးအတွက် တပ်ဖြန့်ချထားရန် စီစဉ်ခဲ့ကြောင်း ဆမာရာဝီရာက ဆက်လက်ပြောကြားသည်။

ရာဇာပက်သသည် သောကြာနေ့က အာဏာလွှဲပြောင်းပေးခဲ့သည်။ **အေပီ။**

ကရာချိုမြို့အနီး၌ ဘတ်စ်ကားတစ်စီးနှင့် လောင်စာဆီတင်ယာဉ်တစ်စီးတိုက်မိရာမှ လူအများအပြားသေဆုံး

ကရာချိ ဇန်နဝါရီ ၁၁

ပါကစ္စတန်နိုင်ငံ ကရာချိမြို့အနီး၌ ဇန်နဝါရီ ၁၁ ရက်က ခရီးသည်တင် ဘတ်စ်ကားတစ်စီးနှင့် လောင်စာဆီတင်ယာဉ်တစ်စီးတို့ တိုက်မိခဲ့ရာ ခရီးသည်တင်ဘတ်စ်ကားပေါ်မှ ခရီးသည် ၅၀ ကျော်သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

လောင်စာဆီတင်ယာဉ်သည် လမ်းကြောင်းမှားအတိုင်း အရှိန်ပြင်းစွာ မောင်းနှင်လာခဲ့ခြင်းကြောင့် ခရီးသည်တင် ဘတ်စ်ကားနှင့်တိုက်မိကာ ယာဉ်နှစ်စီးစလုံး ပေါက်ကွဲပြီး မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း လတ်တလောထွက်ပေါ်လာသည့် သတင်းများတွင် ဖော်ပြသည်။

ယာဉ်တိုက်မှုဖြစ်ပွားခြင်းကြောင့် ဘတ်စ်ကားပေါ်ပါ ခရီးသည်အချို့မှာ ကား၏ ခေါင်မိုးပေါ်မှ ခုန်ချကာ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း အခြားခရီးသည် အများစုမှာ မော်တော်ယာဉ်အတွင်း ပိတ်မိနေခဲ့သည်ဟု သတင်းတွင်ဖော်ပြသည်။

လောင်စာဆီတင်ယာဉ်မောင်းမှာမူ ယင်းယာဉ်တိုက်မှုဖြစ်ပွားအပြီး ထွက်ပြေးသွားခဲ့သည်ဟု ဆိုသည်။

ဘတ်စ်ကားပေါ်၌ ခရီးသည် ၆၀ ကျော်တင်ဆောင်လာခဲ့ပြီး အဆိုပါယာဉ်မှာ ရှီကာပူရ်မြို့သို့ သွားရောက်နေခြင်းဖြစ်ပြီး ကရာချိမြို့ပြင်ပ ၅၀ ကီလိုမီတာ (၃၁မိုင်)ခန့် အကွာတွင် အဆိုပါမတော်တဆဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ကရာချိမြို့ရှိ ဂျင်းနားဆေးရုံမှ အလောင်း ၅၇ လောင်း လက်ခံရရှိကြောင်း အဆိုပါ ဆေးရုံမှ ဆရာဝန် ဆီမီဂျမော့လ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် လူအသေအပျောက်များသော မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှုနှုန်း မြင့်မားသော နိုင်ငံများထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး နှစ်စဉ် ယာဉ်မတော်တဆမှု အကြိမ် ၉၀၀၀ နီးပါးဖြစ်ပွားကာ လူပေါင်း ၄၅၀၀ ခန့်သေဆုံးရကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေး တရုတ်နှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မည်

ပေကျင်း ဇန်နဝါရီ ၁၁

တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံတပ်ဖွဲ့ဝင်များသည် လူသားချင်းစာနာမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဓိကရည်ရွယ်လျက် ဇန်နဝါရီ ၁၂ ရက် မှ ၁၉ ရက်ထိ ပူးတွဲစစ်ရေးလေ့ကျင့်ကြမည်ဖြစ်သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံတောင်ပိုင်းကွမ်ကျိုးမြို့နှင့် ဟိုင်ခိုမြို့များတွင် ပြုလုပ်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံစလုံးမှ အင်ဂျင်နီယာနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်း ၁၅၀ ခန့် ပါဝင်လေ့ကျင့်ကြမည်ဖြစ်သည်။ **ဆင်ဟွာ။**

ဆိုမာလီငြိမ်းချမ်းရေးအတွက် အရှေ့အာဖရိက နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေး

မိုဂါဒစ်ရူး ဇန်နဝါရီ ၁၁

ဆိုမာလီနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းမှုများကို တွန်းအားပေးရန်အတွက် အရှေ့အာဖရိကနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများသည် မြို့တော်မိုဂါဒစ်ရှူး၌ စနေနေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အယ်လ်ခိုင်ဒါနှင့် အဆက်အသွယ်ရှိသည့် ရှာဘက်စစ်သွေးကြွများက ပုံးခွဲတိုက်ခိုက်ခြင်းများ ပြုလုပ်နေသဖြင့် လမ်းမများပေါ်တွင် လက်နက်အပြည့်အစုံ တပ်ဆင်ထားသော စစ်ဘက်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့များ လုံခြုံရေးကင်းလှည့်ကြသည်။

ဒီဂျီဘောက်တီ၊ အီသီယိုးပီးယား၊ ကင်ညာနှင့် ယူဂန္ဒာတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် တစ်ရက်ကြာ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးသည့် ပြဿနာများတွင် လုံခြုံရေးနှင့် အာဖရိကဦးချီနိုင်ငံအတွင်း နိုင်ငံရေးပြန်လည်ပေါင်းစည်းရေးတို့ ပါဝင်သည်။ လွန်ခဲ့သည့်လတွင် ဆိုမာလီလွှတ်တော်က အိုမာအက်ဒီရာရှစ်အလီရှာမာဂီကို ဝန်ကြီးချုပ်အဖြစ် ထောက်ခံပြီးနောက် အဆိုပါဆွေးနွေးပွဲ ကျင်းပခြင်းဖြစ်သည်။ **အေအက်ဖ်ပီ။**

ယူကရိန်းပြဿနာ စစ်ပွဲကြီးပေါ်ပေါက်နိုင်ကြောင်း ဂေါ်ဘာချေ့ဗ် သတိပေး

ဘာလင် ဇန်နဝါရီ ၁၁

ယူကရိန်းပြဿနာနှင့် စပ်လျဉ်း၍ ရုရှားနိုင်ငံနှင့် ဥရောပအင်အားကြီးနိုင်ငံများအကြား ပေါ်ပေါက်လျက်ရှိသော တင်းမာမှုသည် ကြီးမားသော ပဋ္ဌိပက္ခတစ်ရပ်သို့မဟုတ် နျူကလီးယားစစ်ပွဲကြီးတစ်ခုသို့ ဦးတည်သွားနိုင်ကြောင်း ဆိုဗီယက်ခေါင်းဆောင်ဟောင်း မီးခေးလ် ဂေါ်ဘာချေ့ဗ်က သတိပေးလိုက်သည်။

၎င်းနှင့် တွေ့ဆုံမေးမြန်းခန်းကို ဂျာမန်သတင်းမဂ္ဂဇင်းတစ်စောင်က စနေနေ့တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့သော စစ်ပွဲသည် နျူကလီးယားစစ်ပွဲတစ်ပွဲဆီသို့ ဦးတည်နေခြင်းကို ရှောင်လွှဲနိုင်မည်မဟုတ်ဟု ၁၉၉၀ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်က “ဒါးစပီးဂဲလ် သတင်း မဂ္ဂဇင်း”ကို သောကြာနေ့တွင် ပြောကြားခဲ့သည်။

ဤသို့အလွန်ဆိုးရွားနေသော အခြေအနေတွင် တစ်စုံတစ်ယောက်သောသူသည် ၎င်းတို့၏ အရေးပါဆုံးသော အခြင်းအရာများ ဆုံးရှုံးသွားမည်ဆိုလျှင် လာမည့်နှစ်များ၌ ကျွန်ုပ်တို့ စစ်ပွဲမှလွတ်မြောက်နိုင်မည်မဟုတ်ကြောင်း၊ ၎င်းအနေဖြင့် မည်သည့်အကြောင်းအရာကိုမျှ အကျိုးအကြောင်းမဲ့ ပြောလေ့မရှိကြောင်း၊ လုံးဝစိုးရိမ်ပူပန်မှုများ ခံစားနေရကြောင်း အသက်(၈၃)နှစ်သို့ ရောက်ရှိနေသော ဂေါ်ဘာချေ့ဗ်ကပြောသည်။

၂၀၁၄ ခုနှစ်တွင် ခရိုင်းမီးယားဒေသအား ရုရှားနိုင်ငံအတွင်းသို့ သွတ်သွင်းခြင်းနှင့် ယူကရိန်းနိုင်ငံ အရှေ့ပိုင်းကို ရုရှားလိုလားသော ခွဲထွက်ရေးသမားများက ထိန်းချုပ်ထားခြင်းတို့ကြောင့် ရုရှားနိုင်ငံနှင့် အနောက်အုပ်စုအကြား တင်းမာမှု မြင့်တက်လာရခြင်း ဖြစ်သည်။

အေအက်ဖ်ပီ။

ဆယ်နှစ်အရွယ်ကလေးငယ် အသေခံပုံးဖောက်ခွဲ၊ လူ ၁၉ ဦးသေ

မိုင်ဒူဂူရီ ဇန်နဝါရီ ၁၁

ဘော်နိုပြည်နယ် မိုင်ဒူဂူရီရှိ လူစည်ကားသော စျေးတစ်နေရာတွင် ဆယ်နှစ်အရွယ် ကလေးငယ်တစ်ဦးက အသေခံပုံးဖောက်ခွဲခဲ့ရာ အနည်းဆုံး လူ ၁၉ ဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရခဲ့သည်။

ဆယ်နှစ်အရွယ်ကလေးငယ်တစ်ဦးကို စျေးအဝင်ဝတွင် ရှာဖွေစဉ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း မျက်မြင်သက်သေ တစ်ဦးကဆိုသည်။ “မိန်းကလေးက ဆယ်နှစ်အရွယ်လောက်ရှိမယ်။ သူ့ကိုရှာတော့ သူ့ကိုယ်မှာ တစ်ခုခုပတ်ထားတာဆိုတော့ မလုံမလဲဖြစ်နေပုံပေါ်တယ်”ဟု ၎င်းက သူ၏ထင်မြင်ချက်ကို အေဖက်ပီသတင်းဌာနသို့ ပြောသည်။

နာရီအနည်းငယ်ကြာသည့်အခါတွင် ရိုဘီပြည်နယ်ရှိ စစ်ဆေးရေးဂိတ်တစ်ခုတွင် ရဲအရာရှိများက မသက်ဘဖွယ်ရာကားတစ်စီးကို စစ်ဆေးမေးမြန်းနေစဉ် အဆိုပါကားပေါက်ကွဲခဲ့သည်။

အထက်ပါ အကြမ်းဖက်မှုနှစ်ခုသည် မည်သူ့လက်ချက်ဆိုသည်ကိုမူ မသိရှိသေးသော်လည်း ဘိုကိုဟာရမ်သောင်းကျန်းသူများက အစ္စလာမ္မစ်နိုင်ငံထူထောင်ရန်အတွက် အကြမ်းဖက်ကြိုးပမ်းမှုတွင် ကလေးငယ်များနှင့် မိန်းကလေးငယ်များကို အများဆုံး အသုံးချလာကြကြောင်းတွေ့ရသည်။

ဘိုကိုဟာရမ်သောင်းကျန်းသူများသည် ဘော်နိုပြည်နယ်ရှိ ဘာဂါမြို့ကို ဝင်ရောက်အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီး ရက်သတပတ်အကြာတွင် ယခုပုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုတွင် ဘာဂါမြို့နှင့်အနီးဝန်းကျင်ရှိရွာ ၁၆ ရွာ မီးလောင်ပြာကျခဲ့သည်။ လူပေါင်း ၂၀၀၀ ကိုအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ပြီး အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်သည်ဟု နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ကပြောသည်။

လွန်ခဲ့သောနှစ် ဇွန်လက ဂွန်ဘီပြည်နယ် မြောက်ပိုင်းဒုံးပေါက်ကွဲမှုမှစပြီး ဘိုကိုဟာရမ်များက အမျိုးသမီးအသေခံပုံးခွဲသမားများကို စတင်အသုံးပြုလာခဲ့သည်။

စကိုင်းနယူးစ်။

ချာလီဟက်ဒိုမဂ္ဂဇင်းတိုက်၏ ကာတွန်းများဖော်ပြခဲ့သော ဂျာမန်သတင်းစာတိုက် မီးရှို့တိုက်ခိုက်ခံရ

ဘာလင် ဇန်နဝါရီ ၁၁

ပြင်သစ်နိုင်ငံချာလီဟက်ဒိုမဂ္ဂဇင်းတိုက်၏ ကာတွန်းများကို ပြန်လည်ဖော်ပြခဲ့သော ဂျာမန်သတင်းစာတိုက်တစ်ခုကို ယနေ့မီးရှို့တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ကျောက်ခဲများနှင့်လောင်ကျွမ်းစေနိုင်သောပစ္စည်းတစ်ခုကို အဆိုပါသတင်းစာတိုက်၏ နောက်ဖေးလမ်းကြားမှ သတင်းစာတိုက်ထဲသို့ ပစ်သွင်းခဲ့ပြီးနောက် သတင်းစာတိုက်၏ အခန်းနှစ်ခန်းကို မီးစတင်လောင်ကျွမ်းခဲ့သည်။

မီးလောင်ကျွမ်မှုကြောင့် စာရွက်စာတမ်းအချို့ ပျက်စီးခဲ့သော်လည်း မည်သူမျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း ရဲအရာရှိများကဆိုသည်။

အနီးဝန်းကျင်တွင် မသက်ဘဖွယ်လူငယ်နှစ်ဦးကို ဖမ်းဆီးခဲ့သည်။ အယ်ဒီတာအဖွဲ့အနေဖြင့် အဆိုပါမီးလောင်မှုသည် မပြောပလောက်သည့်ကိစ္စဖြစ်သည့်အတွက် အလုပ်တာဝန်များကို ဆက်လက်လုပ်ဆောင်နိုင်သည်ဟု ရဲအရာရှိတစ်ဦးက သတင်းထောက်များကို ပြောသည်။

ပါရီရှိ သရော်စာများရေးသားထုတ်ဝေသည့် ချာလီဟက်ဒိုမဂ္ဂဇင်းတိုက်တွင် အကြမ်းဖက်မှုများဖြစ်ပွားပြီးရက်အနည်းငယ်တွင် ယင်းသတင်းစာသည် မဂ္ဂဇင်းတွင်ဖော်ပြခဲ့သော ကာတွန်းများကို ဖော်ပြခဲ့သည်။ ဟမ်းဘတ်မြို့လုံခြုံရေးအရာရှိများက သတင်းစာတိုက်အား မီးရှို့သည့်ဖြစ်စဉ်ကို စုံစမ်းနေသည်။ **ဆင်ဟွာ။**

"ခြေကလူပ်ချွန်းကအုပ်" အစွန်းနစ်ဘက် ပေါင်းစပ်လုပ်

ကိုရင်ညြ

မြန်မာနိုင်ငံသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို မြှင့်တင်အားပေးလျက်ရှိသည်။

လျင်မြန်သော အရှိန်အဟုန်ဖြင့် မြို့ပြများကို တိုးချဲ့လျက်ရှိကြကုန်သော ယနေ့အခါသမယ၌ မြေရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဇီဝမျိုးစုံလင်မှု ထိန်းသိမ်းနိုင်ရန်နှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကြံဆောင်ကြရမည်ဟု ပညာရှင်များ၏ အဆိုအမိန့်ကို ကျွန်ုပ်မှတ်သားခဲ့ရဖူးလေ၏။

လူဦးရေ တိုးလေလေ၊ မြို့ရွာများ ကျယ်ပြန့်လေလေဟူသော နိယာမကို ကျွန်ုပ်တို့ မရှောင်လွှဲနိုင်။ မြေနေရာ တစ်ခေါ်တစ်မျှော်ရှိနေသော အရပ်ဒေသများ၌ မြို့ပြအိမ်ရာများကို အလျားလိုက် တိုးချဲ့နေကြပြီး မြေနေရာကျဉ်းမြောင်းသော အရပ်ဒေသများ၌မူ တိုက်တာ အဆောက်အအုံများကို မီးခြစ်ပုံးများ ထောင်ထားသည့်နှယ် ဒေါင်လိုက် တိုးချဲ့လျက်ရှိကြလေသည်။

ယနေ့ကာလတွင် ကမ္ဘာတစ်လွှား၌ လူဦးရေ တိုးပွားလာမှုကြောင့် ဇီဝမျိုးစုံလင်မှုအရ တန်ဖိုးကြီးမားသော မြေနေရာများ ကျုံ့လာရသည်။ လူနေဒေသများကို အထိန်းအကွပ်မဲ့ ပရမ်းပတာ တိုးချဲ့မှု၏ရလဒ်အဖြစ် သဘာဝပတ်ဝန်းကျင် ထိခိုက်ရသည်။

လူနေဒေသများ ကျယ်ပြန့်လာခြင်းသည် လူသားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းများအရအပေါင်း လက္ခဏာဆောင်သော်လည်း ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေး ရှုထောင့်အမြင်မှကြည့်လျှင် အနုတ်လက္ခဏာ ပြသည်။

မည်သို့ပင်ဆိုစေ လူသားတို့ အသက်ရှင်စေဖို့ သဘာဝမြတ်မိခင်က ထာဝစဉ်ပေးဆပ်နေမြဲပါတကားဟု ကျွန်ုပ်တွေးတောမိ၏။

အရေးကြီးသည်ကား သဘာဝပတ်ဝန်းကျင်မပျက် လူသားတို့ဘဝ ခရီးဆက်နိုင်ရန်လိုသည်။ သို့ဖြစ်၍ လူ့ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရမှုနည်းနိုင်သမျှ နည်းစေရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းပညာသစ်များကို ဖော်ထုတ်လာကြလေသည်။

"ရှုခင်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ" အနေအထားကို ကျွန်ုပ်တို့ မြင်တတ်ဖို့လိုသည်။ သဘာဝမြတ်မိခင်ကတုန်ကယင် မဖြစ်စေဖို့ ကျွန်ုပ်တို့ ထိန်းထိန်းသိမ်းသိမ်းရှိကြရမည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူသားဖွံ့ဖြိုးရေးတို့ အတူယှဉ်တွဲ ဆောင်ရွက်ရမည့် ယနေ့ကာလ၌ မြို့ပြအိမ်ရာ စီမံကိန်းရေးဆွဲ သူများအနေဖြင့် ဆင်ဦးစီးကဲ့သို့ ပြုမူကျင့်ကြံသင့်သည်ဟု ကျွန်ုပ်စဉ်းစားမိ၏။ ကျွမ်းကျင်လိမ္မာသော ဆင်ဦးစီးသည် ဆင်လည်ကုပ်ပေါ် ကားရားခွ ဒူးတုပ်ထိုင်ကာ ၎င်း၏ ဒူးကို တဆတ်ဆတ်တွန်းရန် ခြေထောက်ကို တရစပ်လှုပ်ပေးနေရသည်။ ဆင်ဦးစီး၏ ဒူးဆတ်မှု အပျော့အမာ၊ အနေ့အမြန်ပေါ်မူတည်၍ ဆင်၏သွားနှုန်းကို ထိန်းကျောင်းပြောင်းလဲရသည်။ ဆင်ဦးစီးသည် ခြေလှုပ်ခြင်းနှင့် ချွန်းကို လက်ကကိုင်စွဲ အုပ်ခြင်းနှစ်ရပ်ကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပေါင်းစပ်လုပ်ကိုင်ရခြင်းကြောင့် "ခြေကလူပ် ချွန်းကအုပ်"ဟူ၍ ပြောစမှတ်ပြုကြသည် မဟုတ်ပါလော။

မကြာသေးမီက ကျွန်ုပ်ဖတ်ရှုခဲ့ရသော ပြည်ပရေးရာသတင်းတစ်ပုဒ်အရ ဗြိတိသျှသိပ္ပံပညာရှင်များက "မြေရာရှုခင်း ဝိသေသလက္ခဏာ ဆန်းစစ်ရေးနည်းပညာ" (Landscape Character Assessment) ဟူ၍ အမည်ပေးထားသော စနစ်တစ်ရပ်ကို တီထွင်ဖော်ထုတ်လျက်ရှိသည်ဟု သိရလေသည်။ မြို့ပြတိုးချဲ့မှုအတွက် လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ရမှု နည်းသထက် နည်းပါးစေရန် ယင်းစနစ်ကို အသုံးပြုနိုင်သည် ဟုဆို၏။

သတင်းပါ အချက်အလက်များကို စေ့ငုလေ့လာရင်း "မြေရာရှုခင်း ဝိသေသလက္ခဏာ ဆန်းစစ်ရေးနည်းပညာ" ဟူသော ဝေါဟာရကို ကျွန်ုပ်၏ အသည်းစွဲ ဝေါဟာရသစ်အဖြစ် မှတ်သားမိလေသည်။

မြေရာစီမံကိန်းတစ်ရပ်အတွက် မြေနေရာရွေးချယ်မှုမှန်ကန်စေဖို့ နေရာဒေသတစ်ခု၏ ဇီဝမျိုးစုံလင်မှုအခြေအနေကို ဂယန္တ သိရှိနိုင်ရန် ယင်းစနစ်ကို အသုံးပြု၍ ကွင်းဆင်းတိုင်းတာနိုင်မည်ဟု သိရလေသည်။ ကောင်းလေစွတကား။

မြို့ပြဒေသများကို တိုးချဲ့ရာတွင် ဆင်ခြင်တုံတရားရှိသင့်ပုံကို သင်ခန်းစာရမိပြီး နောင်လာနောက်သား မျိုးဆက်သစ် လူသားမျိုးနွယ်တို့ အကျိုးအတွက် ထိန်းထိန်းသိမ်းသိမ်းလုပ်သင့်ပုံကို ထောက်ချင့်နားလည် မိသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် အနာဂတ်ဘဝ သာယာဝပြောရေးအတွက် လူသားမျိုးနွယ် တစ်ရပ်လုံး၏ အရေးဖြစ်ပေရကား "နောင်ခါလာ နောင်ခါစျေး" "ခေါက်ထားလိုက်စမ်းပါ" (Hang it) ဟု တာဝန်မဲ့စကား မဆိုသင့်ချေဟု ကျွန်ုပ်တွေးမိ၏။

ယနေ့ကာလတွင် မြို့ပြအိမ်ရာများ ပြွတ်ပြွတ်သိပ်သိပ် ရှိလာချိန်တွင် စွမ်းအင်လိုအပ်ချက် ပိုမိုကြီးထွားလာသည်ကို ကျွန်ုပ်သတိမူမိသည်။

စွင်းအင်ကို ထိထိရောက်ရောက်သုံးစွဲတတ်ရန် ပြည်သူတို့ အသိတရားရှိသင့်ကြပြီး နိုင်ငံတော်က စွမ်းအင်လောက်ငရေးအတွက် ကြိုးပမ်းစွမ်းဆောင်နေစဉ်တွင် နေအိမ်တိုင်း၊ မိသားစုတိုင်းက စွမ်းအင်ကို အထိရောက်ဆုံးချွေတာသုံးစွဲကြမှသာ သဘာဝမြတ်မိခင်ကို ထိန်းသိမ်းစောင့်ရှောက်ရာ ရောက်ပေလိမ့်မည်။

မိသားစု နေအိမ်များအလိုက် စွမ်းအင်ချွေတာရေးနည်းလမ်းအချို့ကို ကျွန်ုပ်မှတ်သားမိသမျှ ဤနေရာမှမျှဝေလိုက်ပါသည်။

(၁) ရုပ်မြင်သံကြား သို့မဟုတ် ဗီဒီယိုပြစက်ကို မကြည့်တော့ချိန်တွင် မီးဖွင့်ထားခြင်းမပြုရ။
(၂) ကွန်ပျူတာ အသုံးမပြုတော့ချိန်တွင် ကွန်ပျူတာသို့ လျှပ်စစ်ဓာတ်အား လွှတ်ပေးသည့် မီးခလုတ်ကို ဖွင့်မထားရ။ စက်ပိတ်ထားပါ။
(၃) စွမ်းအင်လေလွင့်မှု မရှိစေရေးအတွက် အသုံးပြုမည့် ဒယ်အိုးနှင့် မီးဖိုအရွယ်အစားအရ ကိုက်ညီမှုရှိရမည်။
(၄) အသားငါးနှင့် အတုံးအတစ်ရှိသော စားစရာတို့ကို ချက်ပြုတ်ရာတွင် အချိန်တို အတွင်း ကျက်စေရန် အတုံးသေးသေးတုံးရမည်။ အိုးဖုံး (စလောင်းဖုံး) ကို ပိတ်၍ တည်ရမည်။
(၅) ရေခဲသေတ္တာမှ ရေခဲကို ပုံမှန်ရှင်းပေးရမည်။
(၆) အတွင်းသို့ လေပူဝင်ရောက်ခြင်းမရှိစေရန် ရေခဲသေတ္တာ၏ တံခါးကို အလုံပိတ်ရန် သုံးသော ရော်ဘာကွင်းများကို စစ်ဆေးပေးရမည်။ ရေခဲသေတ္တာပိတ်ချိန်တွင် အဖွင့်အပိတ်တံခါးကို ခပ်ကျပ်ကျပ်ပိတ်ရမည်။
(၇) အဝတ်လျှော်စက်ဖြင့် အဝတ်လျှော်ရာတွင် သန့်ရှင်းမှုအတွက် လုံလောက်သည့် အပူချိန် ပမာဏာကိုသာ လျှပ်စစ်ဓာတ်အား အသုံးပြုရမည်။
(၈) နေရောင်ခြည်သည် အပူစွမ်းအင်ကို သဘာဝအလျောက်ထုတ်ပေးလျက်ရှိရာ အေးမြသော ဥတုတွင် အိမ်တွင်းသို့ နေရောင်ခြည် ဝင်ရောက်စေရန် လည်းကောင်း၊ အိမ်တွင်းသို့ ပူနွေးသော လေဝင်ရောက်စေရန်လည်းကောင်း တံခါးမကြီးများကို ဖွင့်ပေးရမည်။
(၉) အဝတ်အစားများ ခြောက်သွေ့စေရန် အခြောက်ခံစက်များမသုံးဘဲ သဘာဝနေရောင်ခြည်အောက်တွင် လှန်းပေးရမည်။
(၁၀) မီးသီးများသုံးစွဲရာတွင် စွမ်းအင်ချွေတာသော မီးသီးများကိုသာ အသုံးပြုရမည်။ နေအိမ်အတွင်း မလိုအပ်ဘဲ မီးထွန်းထားခြင်းမပြုရ။
(၁၁) ဘုံပိုင်ခေါင်းမှ ရေတစ်စိမ့်စိမ့် ယိုကျနေခြင်း မရှိစေရန် အသုံးပြုပြီးချိန်တွင် ဘုံပိုင်ခေါင်းကို ခပ်ကျပ်ကျပ် ပိတ်ရမည်။

နိဂုံးကမ္ဘတ် အဆုံးသတ်ရသော် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းနှင့် လူသားဖွံ့ဖြိုးရေးလုပ်ငန်းတို့ကို ဆင်ဦးစီးပမာ "ခြေကလူပ် ချွန်းကအုပ်" အစွန်းနှစ်ဘက် ပေါင်းစပ်လုပ်သင့်သည်ဟု ကျွန်ုပ်ရှုမြင်မိပါသည်။ ။

မြန်မာရုပ်မြင်သံကြား Entertainment Channel

၁၂-၁-၂၀၁၅ (တနလာနေ့)

ဇီးဂ၀ အဖွင့်
- လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁)
ဇီးဃ၀ အလက်ဘကျော်စွာ ရွှေပြည်အေးနှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးများ (အပိုင်း-၂)
ဇီးရ၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၈)
ဂုး၂၀ ဝတ်စားဆင်ယင်မှုပြပွဲ
ဂုးဂ၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၁၅)
စး၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၁၆)
ဧး၁၀ တေးဂီတအစီအစဉ် (စတီရီယို) "ဖြေ"
ဧး၂၅ ပြည်သူ့နီတိ
ဧး၄၀ ASEAN China Cultural Show
ဧး၅၅ မြန်မာဗီဒီယိုဇာတ်လမ်း "ရင်ဘတ်ခြင်းအငြိ" (ပြေတီဦး၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကျော်ဇောလင်း)

တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၁-၂၀၁၅ (တနလာနေ့)

၅း၀၀ ပဌာန်းပါဠိတော်၊ ရတနာသုတ်
၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၄၀ အနုပညာမိုးကောင်းကင်
၁၁း၀၀ သွားမယ်စားမယ် (Thai Pot)
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၅၄)
၁၂း၄၀ ဓလေရိုးရာမမေ့သာ
၃း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၁၀၉)
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၁၁၀)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၅)

စိတ်လှုပ်ရှား မှတ်သားဖွယ်ရာ ၂၀၁၄ ခုနှစ် မှတ်တိုင်များ

- နိုင်ငံရေး
- စီးပွားရေး
- လူမှုရေး
- စာပေ
- အနုပညာ
- မျက်နှာဖုံးဆောင်းပါးနှင့် . . .
- ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ သန်းစိုး (ဘောဂဗေဒ)တို့ အပါအဝင်၊ Living Color မဂ္ဂဇင်းဆောင်းပါးရှင်များ၏ ၂၀၁၄ ခုနှစ် သုံးသပ်ချက် . . .
- အထူးဆောင်းပါးများ . . .

ဧနှစ်ဝါရီလ ထွက်မြို

တစ်နှစ်တာ သိမ်းဆည်းလိုသူ စာဖတ်ပရိတ်သတ်များနှင့် စာကြည့်တိုက်များအတွက် . . .

ကမ္ဘာ့အမဲသားဈေးကွက်အခြေအနေနှင့် တိုးချဲ့မွေးမြူသင့်သော အသားစားနွားမွေးမြူရေး

ဒေါက်တာရဲထွဋ်ဌေအောင်

ကမ္ဘာ့အသားဈေးကွက်ရဲ့ ကိန်းဂဏန်းများအရ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ ကမ္ဘာ့အမဲသားဈေးအညွှန်း ၆ ရာခိုင်နှုန်းအထိ တက်လာခဲ့တယ်ဆိုတာ သိရပါတယ်။ ပြီးခဲ့တဲ့တစ်လ နှစ်လအတွင်းကပဲ မြန်မာနိုင်ငံရဲ့အမဲသားဈေး (လက်လီဈေး)ဟာလည်း တစ်ပိသာကို ၈၀၀၀(ရှစ်ထောင်ကျပ်)အထိ မြင့်တက်လာတာကို သတိထားမိခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာ့အမဲသားဈေးကွက်အခြေအနေနဲ့ပတ်သက်ပြီး စိတ်ဝင်စားလာတဲ့အတွက် အင်တာနက်မှာ ရှာရင်းနဲ့ စာဖတ်ဖြစ်ခဲ့ပါတယ်။

လတ်တလောအခြေအနေမှာ မြန်မာနိုင်ငံအနေနဲ့ ဒီနေ့အချိန်အထိ စီးပွားဖြစ် အသားစားနွားမွေးမြူတဲ့လုပ်ငန်းကြီးတွေ (Beef Cattle Industry) ကြီးကြီးမားမား၊ တွင်တွင်ကျယ်ကျယ် မရှိသေးပါဘူး။ မှော်ဘီ၊ ညောင်နှစ်ပင် မွေးမြူရေးဇုန်ဘက်မှာ တစ်ဦးစီ၊ နှစ်ဦးစလောက်သာ အသားစားနွား စတင်မွေးမြူနေတာပဲ ရှိပါသေးတယ်။ ကမ္ဘာ့အမဲသားဈေးကွက်လိုအပ်ချက် လက်ရှိအခြေအနေပေါ် အခြေခံပြီး မြန်မာနိုင်ငံအနေနဲ့ အသားစားနွားမွေးမြူရေးကို တိုးချဲ့မွေးမြူသင့်တယ်လို့ တွက်ဆမိတာကြောင့် ဒီဆောင်းပါးကို ရေးဖြစ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် အတွင်းမှာ United States Department of Agriculture (USDA) ရဲ့ ခန့်မှန်းချက်တွေအရတော့ ကမ္ဘာ့အမဲသား (Beef) နဲ့ နွားကလေးသား (Veal) ထုတ်လုပ်မှုဟာ ၂၀၁၂ ခုနှစ် ကိန်းဂဏန်းများနဲ့နှိုင်းစာရင် ထူးခြားတိုးတက်ပြောင်းလဲလာမှု မရှိဘူးလို့သိရပါတယ်။

အထက်မှာဖော်ပြခဲ့သလိုပဲ ကမ္ဘာ့အမဲသားဈေး(Globel Beef Price) မြင့်တက်လာမှုဟာ ၂၀၁၄ ခုနှစ်မှာလည်း ဆက်လက်မြင့်တက်နေပြီး ကမ္ဘာ့အမဲသား ထုတ်လုပ်မှု ဒါမှမဟုတ် ရောင်းလိုအား ဖြည့်စွမ်းမှု (Global Beef Supply) ဟာလည်း ဆက်လက်မြင့်တက်နေဦးမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံရဲ့ အမဲသားစားသုံးမှုဟာ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်းမှာ သိသိသာသာတက်လာခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကိန်းဂဏန်းများအရ တရုတ်နိုင်ငံရဲ့ အမဲသားထုတ်လုပ်မှုဟာ တန်ချိန် ငါးသိန်းလောက်ရှိပြီး အမဲသားတင်သွင်းမှုကတော့ တန်ချိန် သုံးသန်းလောက်အထိ ရှိနေပါတယ်။ ဆက်လက်ပြီးတော့လည်း အေးခဲအမဲသား (Frozen and Chilled Beef) တင်သွင်းမှုဟာ ၂၀၁၄ ခုနှစ်မှာ တန်ချိန် ငါးသိန်းခွဲခန့်အထိ တိုးတက်လာနိုင်တယ်လို့ ခန့်မှန်းထားချက်တွေ ရှိနေပါတယ်။

တရုတ်နိုင်ငံရဲ့ အမဲသားဝယ်လိုအား (China's demand for beef) ဟာ အထူးသဖြင့် ၂၀၁၃ ခုနှစ်မှာ သြစတြေးလျှနိုင်ငံက တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံအတွင်းကို အမေရိကန်နဲ့ ဥရောပနိုင်ငံများရဲ့ အမဲသားတင်ပို့မှုကိုတော့ ကျန်းမာရေးနဲ့အစားအစာဘေးကင်း လုံခြုံရေးလိုအပ်ချက်အရ နွားရူးရောဂါ (Mad Cow Diseases or Bovine Spongyform Encephalopathy) ဖြစ်ပွားမှုအခြေအနေတွေ ကြောင့် လျှော့ချခဲ့ပါတယ်။ ရီဘာဘမ့်ခ် Robabank (Australia) ရဲ့



(၂) ၂၀၀၇ ခုနှစ်အတွင်းကမ္ဘာ့အမဲသားကုန်သွယ်မှု၊ မူရင်း - Global Trade Atlas database
မှတ်ချက် - မြားလိုင်းအသေးအကြီးသည်ကုန်သွယ်မှုပမာဏကို ကိုယ်စားပြုသည်။

Beef) တင်သွင်းမှုဟာ ဆက်လက်မြင့်တက်နေဦးမှာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံဟာဆိုရင် ကမ္ဘာမှာ အရည်အသွေးအမြင့်ဆုံးအဆင့်ရှိတဲ့ အေးခဲအမဲသား (Frozen and Chilled Beef) တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်ပါတယ်။

ဒီကနေ့ခေတ်မှာ အမဲသားကို Premium Prices လို့ခေါ်တဲ့ ဈေးကောင်းကောင်းရနိုင်ဖို့အတွက် ကျန်းမာသန့်ရှင်းရောဂါကင်းပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးထုတ်ကုန် (Clean and Green product) ထုတ်လုပ်နိုင်တဲ့ နိုင်ငံတွေဖြစ်တဲ့ သြစတြေးလျှနဲ့ နယူးဇီလန်နိုင်ငံများမှ ထုတ်လုပ်တဲ့ အမဲသားဝယ်လိုအားဟာ အားသာနေပါတယ်။ ၂၀၁၃ ခုနှစ် ကိန်းဂဏန်းများအရ အမဲသားအများဆုံးထုတ်လုပ်တဲ့နိုင်ငံကြီးတွေ (Big Producer) ဟာ တစ်ချိန်တည်းမှာပဲ အမဲသားအများဆုံးစားသုံးတဲ့နိုင်ငံကြီးတွေ (Big Consumers) ဖြစ်နေပါတယ်။ များသောအားဖြင့်တော့ နိုင်ငံတစ်နိုင်ငံရဲ့ အမဲသားထုတ်လုပ်မှုနဲ့ စားသုံးမှုဟာ နိုင်ငံရဲ့ဧရိယာအကျယ်အဝန်း၊ လူဦးရေနဲ့ တိုက်ရိုက်ဆက်စပ်မှု ရှိနေပါတယ်။ ဥပမာအားဖြင့် အမေရိကန်၊ ဘရာဇီး၊ အီးယူ (၂၇) နိုင်ငံတို့ဟာ အမဲသား အဓိကအများဆုံးထုတ်လုပ်သောနိုင်ငံများဖြစ်သလို အများဆုံးစားသုံးတဲ့ နိုင်ငံတွေလည်းဖြစ်ပါတယ်။ ချွင်းချက်အနေနဲ့ ဂျပန်တစ်နိုင်ငံပဲ အဓိကထုတ်လုပ်သူ မဟုတ်ဘဲ အမဲသားအဓိကစားသုံးတဲ့နိုင်ငံဖြစ်ပြီး သြစတြေးလျှနဲ့ ကနေဒါနိုင်ငံတွေကတော့ အမဲသားအဓိကထုတ်လုပ်တဲ့ နိုင်ငံကြီးတွေ (Major Beef Producing Countries) ဖြစ်ပေမယ့် အဓိကစားသုံးတဲ့နိုင်ငံတွေ (Not Major Beef Consuming Countries) တော့ မဟုတ်ပါဘူး။

နိုင်ငံတစ်နိုင်ငံချင်းစီအလိုက် အမဲသားထုတ်လုပ်မှုနဲ့ စားသုံးမှုကို လွှမ်းမိုးတဲ့ အချက်တွေကတော့ ဘာသာတရားနဲ့ယဉ်ကျေးမှုအခြေခံ၊ မြေဧရိယာနဲ့ စီးပွားရေးအခြေခံအချက်အလက်တွေအားလုံး ပေါင်းစုပြီး ကွာခြားလေ့ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံလုံးအနေအထားနဲ့ အမဲသားစားသုံးမှုပမာဏကတော့ နိုင်ငံတွင်းမှာရှိတဲ့ စုစုပေါင်းလူဦးရေ (Total Population) နဲ့ လူတစ်ဦးချင်း ပျမ်းမျှစားသုံးမှု (Per Capita Consumption) တို့ရဲ့ ပူးတွဲရလဒ်ပဲ ဖြစ်ပါတယ်။ လူတစ်ဦးချင်း ပျမ်းမျှစားသုံးမှုကတော့ ယဉ်ကျေးမှုအခြေခံတဲ့ ကြိုက်နှစ်သက်မှု (Cultural Preference) နဲ့ အခြားအသားများနဲ့နှိုင်းယှဉ်ရင် အမဲသားစားသုံးရမှုကို ကြိုက်နှစ်သက်မှု (Relative Preference for Beef) တို့ အပေါ်မှာ မူတည်ပါတယ်။

ကမ္ဘာမှာတော့ အာဂျင်တီးနားနဲ့ ဥရုဂွေးနိုင်ငံတွေဟာ လူတစ်ဦးချင်းစီရဲ့ အမဲသားစားသုံးမှုအမြင့်ဆုံးနိုင်ငံတွေပဲ ဖြစ်ပါတယ်။ နှိုင်းရသဘောအရ ကြည့်ရင်တော့ စုစုပေါင်းလူဦးရေလည်းများပြီး တစ်ဦးချင်းပျမ်းမျှ စားသုံးမှုလည်း မြင့်တဲ့နိုင်ငံတွေကတော့ အမေရိကန်နဲ့ ဘရာဇီးတို့ပဲဖြစ်ပါတယ်။ အဲဒီလိုနိုင်ငံတွေ အတွက်တော့ ကမ္ဘာ့အမဲသားစားသုံးမှု မြင့်မားတဲ့နိုင်ငံတွေအဖြစ် ရှိနေတတ်ပါတယ်။ အခြားတစ်ဖက်မှာလည်း နှိုင်းရလူတစ်ဦးချင်းစားသုံးမှုအရ နိမ့်ပေမယ့် နိုင်ငံတွင်း စုစုပေါင်းလူဦးရေများတဲ့အတွက်ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ နှိုင်းယှဉ်ကြည့်ရင် တစ်နိုင်ငံလုံးရဲ့ စုစုပေါင်းအမဲသားစားသုံးမှုများတဲ့၊ မြင့်နေတဲ့ နိုင်ငံတွေလည်း ရှိနေပါသေးတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံကြီးဖြစ်တဲ့ တရုတ်ပဲ ဖြစ်ပါတယ်။ တရုတ်ရဲ့ လူတစ်ဦးချင်း တစ်နှစ်တာ ပျမ်းမျှ အမဲသားစားသုံးမှုဟာ ၄ ဒသမ ၃ ကီလိုသာ ရှိပေမယ့် တရုတ်နိုင်ငံရဲ့ စုစုပေါင်း လူဦးရေကြောင့် တရုတ်ဟာ ကမ္ဘာ့အမဲသားအများဆုံးစားသုံးတဲ့ထိပ်သီး ငါးနိုင်ငံမှာ ပါဝင်ပြီး စတုတ္ထနေရာမှာ ရှိနေပါတယ်။

ဝက်သားကတော့ တရုတ်လူမျိုးတွေရဲ့ အဓိကစားသုံးတဲ့အသားဖြစ်ပြီး အမဲသားကတော့ ဒုတိယစားသုံးမှု အများဆုံးအသားဖြစ်လာဖို့ အလားအလာများ ရှိနေပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အမဲသားစားသုံးမှုဟာ စားသုံးသူအများစုရဲ့ ကြိုက်နှစ်သက်မှုနဲ့ တစ်ဦးချင်းဝင်ငွေအပေါ်မှာလည်း အခြေခံနေတတ်ပါတယ်။ ကမ္ဘာ့နိုင်ငံတော်တော်များများမှာ အမဲသားဈေးဟာ အခြားအသားဈေးများထက် မြင့်မားနေတာ တွေ့ရပါတယ်။ ကမ္ဘာ့အမဲသားအဓိကစားသုံးတဲ့ နိုင်ငံတွေကို လေ့လာကြည့်ရင် တစ်ဦးချင်းဝင်ငွေ အနိမ့်၊ အမြင့်၊ အလယ်အလတ်အားလုံး ပါဝင်နေတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် ကိန်းဂဏန်းများအရ တရုတ်ရဲ့ စီးပွားရေးတိုးတက်မှုနှုန်း (GDP Growth) ဟာ ၈ ရာခိုင်နှုန်းအထက်မှာရှိတာကို တွေ့ရပါတယ်။ အဲဒီတိုးတက်မှုဟာ လွန်ခဲ့တဲ့ (၁၀) နှစ်ကနဲ့ နှိုင်းစာရင် နှစ်ဆထက်ကျော်နေတာကို တွေ့ရပါတယ်။ အဲဒီလို GDPတိုးတက်လာတဲ့အတွက်ကြောင့်လည်း တရုတ်ရဲ့အမဲသားစားသုံးမှုမြင့်မားနေတာဖြစ်နိုင်ပါတယ်။

အာဟာရတန်ဖိုးပါဝင်မှုအရ အမဲသားဟာ အခြားမွေးမြူရေးထွက်အသားနဲ့ ဥများကဲ့သို့ ပရိုတီန်းအရင်းအမြစ်များ အများအပြားပါဝင်တဲ့ အစားအစာတစ်ခုပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၂-၂၀၀၃ ခုနှစ်တွေတုန်းကတော့ အမေရိကန်နဲ့ကနေဒါမှာ ဖြစ်ပွားခဲ့တဲ့ နွားရူးရောဂါ (BSE) ကြောင့် တရုတ်၊ ဂျပန်နိုင်ငံရဲ့ အမဲသားစားသုံးမှုအပေါ် များစွာထိခိုက်ခဲ့ပါတယ်။ တိုင်းပြည်တစ်ပြည်ရဲ့ သယ်ယူပို့ဆောင်ရေးကောင်းမွန်မှုနဲ့ မြေနေရာအနေအထားတည်ရှိမှုတွေဟာ အမဲသား ကုန်သွယ်ရေးအပေါ်မှာ အဓိကလွှမ်းမိုးတဲ့အချက်တွေ ဖြစ်နိုင်ပါတယ်။ သြစတြေးလျှဟာ ဘာကြောင့် အဓိကအမဲသားထုတ်လုပ်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ပါဝင်ရသလဲဆိုရင် သူ့ရဲ့အစာကြမ်းကြွယ်ဝမှု (Forage Resources) ကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သက်သာသာနဲ့ အမဲသားထုတ်လုပ်နိုင်တာကြောင့် ဖြစ်ပါတယ်။ အမေရိကန်ဟာလည်း သူ့ရဲ့ အစာကြမ်းကြွယ်ဝမှု(Forage Resources)အပါအဝင် သီးနှံကြွယ်ဝမှု(Grain Resources) တွေကြောင့် အဓိကအမဲသားထုတ်လုပ်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်နေရခြင်းဖြစ်ပါတယ်။

ဒီနေ့ခေတ် အစားအစာဘေးကင်းလုံခြုံရေး (Food Safety) ရှုထောင့်အရ ကြည့်ရင် အမဲသားကုန်သွယ်မှုအပေါ် အဓိကလွှမ်းမိုးတဲ့ အခြားအချက်နှစ်ချက်ကတော့ တိရစ္ဆာန်ကူးစက်ရောဂါများနဲ့ လူသားကျန်းမာရေးရှုထောင့်ဖြစ်တဲ့ တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သောရောဂါများ ကင်းရှင်းရေးတို့ပဲ ဖြစ်ပါတယ်။ ဥပမာ နွားများရဲ့ ခွာနာလျှာနာရောဂါ (Foot and Mouth Disease)ဟာ လူကိုကူးစက်စေတဲ့အခွင့်အရေး အလွန်အလွန်နည်းတဲ့ ရောဂါ



(၁) ၂၀၀၃ ခုနှစ်အတွင်းကမ္ဘာ့အမဲသားကုန်သွယ်မှု၊ မူရင်း - Global Trade Atlas database
မှတ်ချက် -မြားလိုင်းအသေးအကြီးသည်ကုန်သွယ်မှုပမာဏကို ကိုယ်စားပြုသည်။

တစ်ခုဖြစ်ပေမယ့် ကမ္ဘာ့အမဲသားဈေးကွက်ကို ဈေးနှုန်းမတူညီတဲ့ ဈေးနှစ်မျိုးနဲ့ ဈေးကွက်နှစ်ခု ဖြစ်ပေါ်စေပါတယ်။ ဒါကြောင့် ကုန်သွယ်ဖက်နိုင်ငံ နှစ်နိုင်ငံကြားမှာ တည်ငြိမ်မှုရှိပြီး အပြန်အလှန်အသိအမှတ်ပြုထားတဲ့ အစားအစာဘေးကင်းလုံခြုံရေး စံသတ်မှတ်ချက် (Food Safety Standard) တွေထားရှိဖို့လိုပါတယ်။ တိုးတက်တဲ့နိုင်ငံကြီးတွေမှာတော့ အမဲသားစားသုံးသူအချို့ဟာ အမဲသားထုတ်လုပ်မှုမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေရေးနှင့် တိရစ္ဆာန်သက်သာချောင်ချိရေး စံသတ်မှတ်ချက် (Animal Welfare Standard) တွေကိုပါထားရှိဖို့ တောင်းဆိုတာမျိုးတွေ ရှိလာပါတယ်။ ဒါကြောင့် အနာဂတ်ကမ္ဘာ့အမဲသား ကုန်သွယ်မှုမှာ စိန်ခေါ်မှုများစွာ ရှိနေဦးမှာသေချာပါတယ်။ ဒါကြောင့် တိုးတက်ကောင်းမွန်တဲ့ သိပ္ပံနည်းကျ နည်းပညာများ၊ အပြန်အလှန် လေးစားယုံကြည်ဆွေးနွေးမှု၊ ညှိနှိုင်းဆောင်ရွက်ရန် စိတ်အားထက်သန်မှုနဲ့ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိရေးဆန္ဒတွေဟာ ကမ္ဘာ့အမဲသားကုန်သွယ်ရေးအတွက် လိုအပ်လာမှာဖြစ်ပါတယ်။

ဇယား ၁ အမဲသားထုတ်လုပ်မှုနှင့် စားသုံးမှုအများဆုံးနိုင်ငံများစာရင်း

စဉ်	ထုတ်လုပ်မှု	စားသုံးမှု
၁	အမေရိက	အမေရိက
၂	ဘရာဇီး	ဘရာဇီး
၃	အီးယူ-၂၇	အီးယူ-၂၇
၄	တရုတ်	တရုတ်
၅	အိန္ဒိယ	အာဂျင်တီးနား
၆	အာဂျင်တီးနား	ရုရှား
၇	သြစတြေးလျ	အိန္ဒိယ
၈	မက္ကဆီကို	မက္ကဆီကို
၉	ပါကစ္စတန်	ပါကစ္စတန်
၁၀	ရုရှား	ဂျပန်
၁၁	ကနေဒါ	ကနေဒါ

မူရင်း USDA (United States Department of Agriculture), 2013

ဇယား ၂ အမဲသားတင်ပို့မှုနှင့် တင်သွင်းမှုအများဆုံးနိုင်ငံများစာရင်း

စဉ်	တင်ပို့မှု	တင်သွင်းမှု
၁	အိန္ဒိယ	ရုရှား
၂	ဘရာဇီး	ဂျပန်
၃	သြစတြေးလျ	တောင်ကိုးရီးယား
၄	နယူးဇီလန်	အီးယူ-၂၇
၅	ဥရုဂွေး	ဟောင်ကောင်
၆	ကနေဒါ	ကနေဒါ
၇	အီးယူ-၂၇	မက္ကဆီကို
၈	ပါရာဂွေး	အီဂျစ်
၉	မက္ကဆီကို	ဗင်နီဇွဲလား
၁၀	အာဂျင်တီးနား	ချီလီ

မူရင်း USDA (United States Department of Agriculture), 2013

စာမျက်နှာ ၁၀ သို့

ပြည်တွင်းရေးရာ

နိုင်ငံတော်၏ သက်ကြီးဝါကြီးဂုဏ်ပြုခံပုဂ္ဂိုလ် အသက်(၁၀၀)နှင့် အထက် အဘိုးအဘွားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၁

သတင်းနှင့် ဓာတ်ပုံ - သီသီမင်း

နိုင်ငံတော်၏ သက်ကြီးဝါကြီးဂုဏ်ပြုခံပုဂ္ဂိုလ် အသက်(၁၀၀)နှင့်အထက် အဘိုးအဘွားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၏ လစဉ်ချီးမြှင့်ထောက်ပံ့ငွေများမှ ၂၅ရာခိုင်နှုန်း စုဆောင်းထားရှိသော ရန်ပုံငွေမှ ထောက်ပံ့ငွေများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မဂ်လာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောင်းလဲလာသော ခေတ်သစ်စနစ်သစ်နှင့် အညီ၂၀၁၂ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးညီလာခံတွင် နိုင်ငံတော်သမ္မတက အားလုံးပါဝင်သည့် လူမှုကာကွယ်ရေးစနစ်တစ်ရပ်ပေါ်ထွက်လာစေရန် လမ်းညွှန်မှုပြုခဲ့ပါကြောင်း၊ နည်းပညာ အထောက်အကူအဖွဲ့၏ပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၃၀ ရက်တွင်လည်း မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံချက်ကို မိတ်ဆက်ဖြန့်ချိခဲ့ပြီး စီမံချက်တွင် လုပ်ငန်းစဉ်(၈)ရပ်ပါဝင်ခဲ့ကြောင်း၊အဆိုပါ လုပ်ငန်းစဉ်(၈)ရပ်ထဲတွင် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းပါဝင်သည့်အပြင် လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသား အဆင့်မဟာဗျူဟာစီမံချက်တွင် သက်ကြီးရွယ်အိုများ အတွက် လူမှုရေးပင်စင်ပေးအပ်ခြင်းတို့ ပါဝင်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အောင်ပွဲအထိမ်းအမှတ်အဖြစ် တစ်နိုင်ငံလုံးရှိ အသက်(၁၀၀)နှင့်အထက် အဘိုး ၁၆၉ ဦး၊ အဘွား ၄၀၀ စုစုပေါင်း ၅၆၉ ဦးတို့အား နိုင်ငံတော်၏ သက်ကြီးဝါကြီး ဂုဏ်ပြုခံပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့မှ သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများရရှိသည့် လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၏ ၂၅ ရာခိုင်နှုန်း စုဆောင်းထားရှိသော ရန်ပုံငွေထဲမှ အထောက်အပံ့အဖြစ် ငွေကျပ်နှစ်သိန်းစီကိုပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွင်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးဝါကြီး အဘိုးအဘွားများကို အခမ်းအနားဖြင့် ပူဇော်ကန်တော့ခြင်းဖြစ်ကြောင်း၊ နောက်ထပ်ကျန်ရှိနေသေးသော အဘိုးအဘွားများကိုလည်း ဆက်လက်ဂုဏ်ပြုပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဂုဏ်ပြုကန်တော့ခံ အသက်(၁၁၀)ရှိပြီဖြစ်သော အဘွားဒေါ်မှိုက "ဒီလို အသက်ရှည်ရတာ အဘွားက အညီအဟောက်မစားဘူး။ဒါ့ကြောင့်ထင်တယ်။ ပဲတော့ အဘွားစားတယ်။ ကြိုက်တယ်။အဘွားကတော့လေ ဘယ်လိုပြောရမှန်းကို မသိတော့ဘူး၊ ကန်တော့ခံရတော့ ဝမ်းလည်းသာတယ်။ ကျေးဇူးလည်းတင်တယ်။ဒီထက်ပိုပြီး တိုးပြီး လျှောနိုင်ကြပါစေ။ အဘွားက ဘယ်ကရရ ပြန်လျှော်ဖြစ်တာပါပဲ။အဘွားတို့ကို လျှာဒါန်းတဲ့သူတွေကို ကျွန်းမာချမ်းသာပါစေလို့ ဆုတောင်းပေးပါတယ်။ နောက်လည်း အခုလိုလျှာဒါန်းနိုင်ကြပါစေကွယ်" ဟုပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းဝန်ကြီး ဦးသန်းမြင့်က "နိုင်ငံတော်သမ္မတကြီးက သက်ကြီးဝါကြီးပုဂ္ဂိုလ်တွေကိုကန်တော့သလို ဦးတို့ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်တွေလည်း ရတဲ့လစာငွေကြေးထဲကနေမှ ၂၅ ရာခိုင်နှုန်းကို လစဉ်ထည့်ဝင်ထားတာဖြစ်ပါတယ်။ အင်မတန်မှ မွန်မြတ်တယ်လို့ ထင်ပါတယ်။ ဝမ်းလည်းသာမိပါတယ်။ အဘိုးအဘွားတွေ အခုလို အသက်(၁၀၀)ကျော်ထိ နေနိုင်တာတွေ့ရတော့ အင်မတန်မှ အားကျမိပါတယ်။ ဒီလို သက်ရှည်ဘိုးဘွားတွေကို ကန်တော့ရတော့ ဂုဏ်လည်းယူမိပါတယ်။အဘိုးအဘွားတွေ သီလဂုဏ်၊ သမာဓိဂုဏ်နဲ့ ပြည့်စုံပြီး ဆက်လက်ပြီး ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာရှိပါစေလို့ ဆုတောင်းပါတယ်" ဟုပြောသည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့်ဇနီး ဒေါ်သင်းသင်းမြ၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ နာယကများနှင့် ဥက္ကဋ္ဌများ၊အလျှုရှင်များက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သက်ကြီးဝါကြီး အဘိုးအဘွား ၈၇ ဦးတို့အား နိုင်ငံတော်သမ္မတကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာနှင့်အတူ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများမှ ထောက်ပံ့ငွေများ အပါအဝင် စုစုပေါင်းငွေကျပ် ၃၄၄၆၀၇၀၀/-ကို ထောက်ပံ့လျှာဒါန်းခဲ့ကြောင်း သိရသည်။ ■

တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တွင် မွေးဖွားသည့် ကျားပေါက်ငယ်သုံးကောင်အား နေ့စဉ်ပြုစုစောင့်ရှောက်

မန္တလေး ဇန်နဝါရီ ၁၁

မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တွင်မိခင်ကျားမကြီးမှ မွေးဖွားသည့် ကျားပေါက်ငယ်သုံးကောင်အား ကျန်းမာရေးကောင်းမွန်စေရန်အတွက် နေ့စဉ်ပြုစုစောင့်ရှောက်ထားရှိကြောင်းသိရသည်။

ပြည်သူ့လူထုအပန်းဖြေပျော်ရွှင်စွာ နားနေနိုင်ရန်နှင့် ဗဟုသုတရှာမှီးလိုသည့် ပြည်သူများအတွက် အထောက်အကူဖြစ်စေရန်၊ သတ္တဗေဒနှင့် ရုက္ခဗေဒဆိုင်ရာပညာရပ်များ လေ့လာနိုင်သည့် နေရာတစ်ခု ဖြစ်လာစေရန် ၊ တောရိုင်းတိရစ္ဆာန်များမျိုးဆက်မပျက်သုဉ်းရေးအတွက် အထောက်အကူဖြစ်စေရန်၊ တောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး သုတေသနလုပ်ငန်းများတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုစေရန် စသည့် ရည်ရွယ်ချက်များဖြင့် တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)ကို ဖွင့်လှစ်ပြသခဲ့ပြီး ယခုအခါ ထူးကုမ္ဗဏီမှ တာဝန်ယူဖွင့်လှစ်ပြသနေခြင်းဖြစ်သည်။ မန္တလေးဒေသခံပြည်သူများနှင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များသည် တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)သို့ နေ့စဉ်ဝင်ရောက်လေ့လာလည်ပတ်လျက်ရှိပြီး အထူးသဖြင့် စနေ၊ တနင်္ဂနွေနေ့များ၊ နံနံပတ်ရက်များတွင် လာရောက်လည်ပတ်သူများဖြင့် ပိုမိုစည်ကားလေ့ရှိသည်။ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)အတွင်းသို့ ဝင်ရောက်ကြည့်ရှုလေ့လာရန် လူကြီးတစ်ဦး ကျပ် ၁၀၀၀၊ ကလေးတစ်ဦး ကျပ် ၅၀၀ ပေးဆောင်ရပြီး ဝင်ကြေးများ၏ တစ်ဆယ့်ငါးရာခိုင်နှုန်းကို ထူးဖောင်ဒေးရှင်း၏ ပရဟိတလုပ်ငန်းများတွင် ထည့်ဝင် လျှာဒါန်းလျက်ရှိသည်ဟု ဆိုသည်။

တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)တွင် နို့တိုက်သတ္တဝါ ၃၂ မျိုး ကောင်ရေ၁၈၂ ကောင်၊ကျေးငှက် ၄၈ မျိုး ကောင်ရေ ၁၇၄ကောင်၊ တွားသွား ၁၅ မျိုး ကောင်ရေ ၂၅၂ ကောင် စုစုပေါင်း တိရစ္ဆာန်မျိုးစုံ ၉၄ မျိုး ကောင်ရေ ၆၀၈ ကောင်တို့အား မွေးမြူထိန်းသိမ်းစောင့်ရှောက်ပြသထားရှိကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းရေးရာ

ရေစကြိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးမောင်သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ရေစကြိုမြို့နယ်အတွင်းရှိ မြေဖြူ-မုံညင်းကျေးရွာအုပ်စု မုံညင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက မုံညင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မုံညင်းကျေးရွာအတွက် အိမ်သုံးဆေးဝါးများနှင့် လေ့လာမှတ်သားဖွယ်ရာ စာအုပ်စာပေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရေစကြိုမြို့နယ်ရှိ ပခန်းငယ်ကျေးရွာအုပ်စု ပခန်းငယ်ရွာသို့ရောက်ရှိပြီး ပခန်းငယ်ကျေးလက်ဆေးပေးခန်းနှင့် စာကြည့်တိုက်အတွက် အိမ်သုံးဆေးဝါးပစ္စည်းများနှင့် စာအုပ်စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းရှိ နန်းဦးကျေးရွာသို့ စက်လှေဖြင့် ရောက်ရှိကြပြီး ဆုတောင်းပြည့်ရွှေမုဌောဘုရားအားသွားရောက်ဖူးမြော်၍ ရွှေသက်နီးကပ်လှုပ္ပဇော်ကာ ဂေါပကထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နန်းဦးအခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ထပ်ကျောင်းဆောင်သစ်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး နန်းဦးကျေးရွာအတွက် အိမ်သုံးဆေးပစ္စည်းများနှင့် သိမှတ်ဖွယ်ရာ စာအုပ်စာပေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နွယ်နီကျေးရွာသို့ရောက်ရှိပြီး နွယ်နီကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၌ ကျင်းပသည့် ကျေးရွာလူထုတွေ့ဆုံပွဲသို့ တက်ရောက်ပြီး ကျေးရွာလူထုအတွက် အိမ်သုံးဆေးပစ္စည်းများနှင့် သိမှတ်ဖွယ်ရာစာအုပ်စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ ညပိုင်းတွင် ရေစကြိုမြို့ အမှတ်(၈)ရပ်ကွက် ဗလငါးတန် စာကြည့်တိုက် အားကစားကွင်း၌ ကျင်းပသည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျပန်းစကားပြောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ကျေးရွာစာကြည့်တိုက် သုံးခုအတွက် ဗဟုသုတဖြစ်ဖွယ် စာအုပ်စာစောင်များကို ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ကရင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက နေပြည်တော်မှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဘောနက်ကြီးလမ်းခွဲမှ တစ်ဆင့် ဘုရားကြီး-ကျိုက်ထို-သထုံ-ဘားအံ အထိ လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး B.O.Tစနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရွှေသံလွင် ကုမ္ပဏီမှ တာဝန်ရှိသူများအား လမ်းပိုင်းများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်၍ ယာဉ်ဖြတ်သန်းခရီးနှုန်းများ သတ်မှတ်ထားသည့် နှုန်းထားများ အတိုင်းကောက်ခံရေး မှာကြားသည်။

ညနေပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထီလုံ-တာပေါင် လမ်းပေါ်တွင် တံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)က တာဝန်ယူတည်ဆောက်လျက်ရှိသော ပေ ၂၇၀ အရှည်ရှိ ကော့ပေါအင်းတံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထီလုံ-တာပေါင် လမ်းပေါ်မှ မိုင်တိုင်အမှတ် (၉/၆) နှင့် (၁၀/၀)အကြားရှိ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့ (၁၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပေ ၇၂၀ အရှည်ရှိသည့် တာပေါင် တံတားတည် ဆောက်ရေးစီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများ ရှင်းလင်းတင်ပြခြင်းကို ပြည်နယ်အင်ဂျင်နီယာမှူးကြီးနှင့် ပြည်နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အထူးအဖွဲ့များနှင့် ခရိုင်အင်ဂျင်နီယာမှူးများ၊ B.O.T ကုမ္ပဏီတာဝန်ရှိသူအသီးသီးက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်

တပ်ကုန်းမြို့နယ်အတွင်းရှိကျေးရွာများ လျှပ်စစ်မီးလင်းရေးဆွေးနွေးပွဲကျင်းပ

တပ်ကုန်း ဇန်နဝါရီ ၁၁

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၏ အရှေ့ဘက် မိုင် ၃၀ ခန့်အကွာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး မြန်မာ့လျှပ်စစ်ဓာတ်အားလိုင်းနှင့်ဝေးကွာသော သစ်စိမ့်ပင်အုပ်စုနှင့် အုန်းပင်အုပ်စုများမှ ကျေးရွာပေါင်း ၁၂ ရွာ လျှပ်စစ်မီးလင်းရေးအတွက် ကျေးလက်နေပြည်သူများနှင့် လျှပ်စစ်ကုမ္ပဏီတာဝန်ရှိသူများ တွေ့ဆုံ၍ ရေအားလျှပ်စစ်မှ ထုတ်လုပ်သော ဓာတ်အားသုံးစွဲရေးဆွေးနွေးပွဲကို ဇန်နဝါရီ ၁၀ ရက်က သစ်စိမ့်ပင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဝါဝါမင်းလျှပ်စစ်ဓာတ်အားကုမ္ပဏီနှင့် နီလာလျှပ်စစ်အင်ဂျင်နီယာလုပ်ငန်းမှ တာဝန်ရှိသူများက ပြောကြားရာတွင် လျှပ်စစ်ဝန်ကြီးဌာနမှ ပညာရှင်များ၊ ဆည်မြောင်းဌာနမှ ပညာရှင်များ၊ စက်မှုပညာရှင်များ ပူးပေါင်း၍ စီမံကိန်းကို ၁၈ လနှင့်အပြီး တည်ဆောက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ရန် ကုန်ကျစားရိတ်ကျပ်သိန်းပေါင်းနှစ်သောင်းခန့် ကုန်ကျမည်ဖြစ်ပြီး ပြည်သူများထံမှ ကြိုတင်ကောက်ခံခြင်းမပြုကြောင်း၊ ရေဝပ်ဧရိယာ ၁၀ မိုင်ကျော်နှင့် ရေထုအမြင့်ပေ ၈၀၀ ကျော်ရှိပြီး ညောင်ကိုင်းရေတံခွန်မှ လျှပ်စစ်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ပိုလျှံရေများအားစိုက်ပျိုးရေးတွင် အသုံးပြုသွားနိုင်ကြောင်း လျှပ်စစ် ၃၅၀ ကီလိုဝပ် ဂျင်နရေတာ နှစ်လုံးမှ စုစုပေါင်းကီလိုဝပ် ၇၀၀ ကီလို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝဇ၂)**

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရန် သတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၁၁

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ချေးငွေသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က ကြေညာချက်အမှတ်(၁/၂၀၁၅)ကို ထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ယင်းကြေညာချက်တွင် မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် နိုင်ငံတော်၏ စီးပွားရေး ဖြစ်ထွန်းမှုကို အထောက်အပံ့ဖြစ်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ပေါ်ထွန်းလာစေရန်နှင့် ပြည်သူ များ တစ်ပိုင်တစ်နိုင် ရင်းနှီးမြှုပ်နှံမှုပြုနိုင်စေရန်အတွက် ရန်ကုန်စတော့အိတ်ချိန်းကို ယခုနှစ်တွင် ဖွင့်လှစ်ရန် ဆောင်ရွက်နေကြောင်း။

ရန်ကုန်စတော့အိတ်ချိန်းတွင် ဝန်ဆောင်မှုပေးနိုင်ရန် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၇ (က)အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများအား လိုင်စင်ထုတ်ပေးရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာလိုက်ကြောင်း-

(က) လျှောက်ထားသူသည် ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီးဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ကုမ္ပဏီ၏အမည်၌ "ငွေချေးသက်သေခံလက်မှတ်"ဟူသော စကားရပ်ပါရှိရမည်။

(ဂ) လျှောက်ထားသူသည် အောက်ဖော်ပြပါ လိုင်စင်အမျိုးအစားများအတွက် ယှဉ်တွဲဖော်ပြသည့် အနည်းဆုံးထည့်ဝင်ပြီးမတည်ငွေရင်းကို ထည့်သွင်းရမည်။

(၁) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင် -ကျပ် ၁၅ ဘီလီယံ

(၂) ငွေချေးသက်သေခံလက်မှတ်များကိုယ်ပိုင်ရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင် -ကျပ် ၁၀ ဘီလီယံ

(၃) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်းလိုင်စင် -ကျပ် ၇ ဘီလီယံ

(၄) ငွေချေးသက်သေခံလက်မှတ်ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းလိုင်စင် -ကျပ် ၀.၀၃ ဘီလီယံ

(ဃ) ဒါရိုက်တာအများစုသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း(သို့မဟုတ်)အခြားငွေရေးကြေးရေးနှင့် ပတ်သက်သော လုပ်ငန်းများတွင် အနည်းဆုံးလုပ်သက် တစ်နှစ် ရှိရမည်။

(င) ဒါရိုက်တာများသည် ဘွဲ့(ဒီဂရီ)တစ်ခု ရရှိပြီးသူများဖြစ်ရမည်။

(စ) ဒါရိုက်တာများသည် အကျင့်စာရိတ္တ၊ ငွေကြေးစသည်တို့နှင့်ပတ်သက်၍ တရားရုံးက ထောင်ဒဏ် ချမှတ်ခြင်းခံရသူများမဖြစ်ရ။

(ဆ) လျှောက်ထားသူသည် အမည်မည်းစာရင်း၌ ပါဝင်ခြင်းမရှိသူဖြစ်ရမည်။

(ဇ) လျှောက်ထားသူသည် မိမိလျှောက်ထားသည့် လိုင်စင်အမျိုးအစားအလိုက် ထည့်ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကိုငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အမည်ဖြင့် ငွေတိုက်စာချုပ်ဝယ်ယူထားရှိခြင်း(သို့မဟုတ်) နိုင်ငံပိုင်ဘဏ်တွင် ငွေစုဘဏ်စာရင်းဖွင့်လှစ်ထည့်သွင်းခြင်း(သို့မဟုတ်) ယင်းတို့နှစ်ခုစလုံးတွင် သင့်တော်သည့် အချိုးအစားဖြင့် ထည့်သွင်းထားခြင်းပြုလုပ်ရမည်။

(စျ) လျှောက်ထားသည့်အဖွဲ့အစည်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအတွေ့အကြုံ လုပ်သက်အနည်းဆုံး သုံးနှစ်ရှိသည့် ကျွမ်းကျင်သည့်ပုဂ္ဂိုလ်တစ်ဦးရှိရမည်။

(ည) လျှောက်ထားသည့်အဖွဲ့အစည်းသည် IT စနစ်ဖြင့် လုပ်ငန်းစွမ်းဆောင်နိုင်သည့် အရည်အချင်းရှိရမည်။

(ဋ) လျှောက်ထားသည့်အဖွဲ့အစည်းသည် လိုအပ်ပါက ရုံးခွဲများဖွင့်လှစ်နိုင်ရမည်။

(ဌ) ထည့်ဝင်ပြီးမတည်ငွေရင်းအား ဘဏ်ချေးငွေဖြင့် ထည့်ဝင်ခြင်းမပြုရ။

(ဍ) ထည့်ဝင်ပြီးမတည်ငွေရင်းသို့ ထည့်သွင်းမည့်ငွေသည် တရားဝင်အခွန်ပေးဆောင်ပြီးသော ဝင်ငွေ ရလမ်းဖော်ပြနိုင်သည့် ငွေဖြစ်ရမည်။

အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသည့်ကုမ္ပဏီများသည် အပိုဒ်(၂)အပိုဒ်ခွဲ(ဂ)ပါ လိုင်စင်အမျိုးအစားတစ်ခုချင်းကို လျှောက်ထားနိုင်ပြီး အပိုဒ်ခွဲ (ဂ)(၁)ပါ လိုင်စင်အမျိုးအစားကို လိုင်စင်ရသူသည် လုပ်ငန်းလေးမျိုးစလုံးကို လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း။

လျှောက်လွှာပုံစံများကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် အဆောက်အအုံ၊ အမှတ်(၂၁-၂၅)ဆူးလေဘုရားလမ်းတွင် ဇန်နဝါရီ ၁၉ ရက်မှစ၍ ရရှိနိုင်ကြောင်း။

လျှောက်ထားသူသည် သတ်မှတ်ထားသော အချက်အလက်အပြည့်အစုံဖော်ပြထားသည့် လျှောက်လွှာပုံစံနှစ်စုံကို လိုအပ်သောစာရွက်စာတမ်းများ ပူးတွဲလျက် စာအိတ်တွင်ထည့်သွင်း၍ စာအိတ်၏နေရာ သုံးနေရာ၌ ကုမ္ပဏီတံဆိပ်ရိုက်နှိပ်ကာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးသို့ ဖေဖော်ဝါရီ ၂၇ ရက်ထက် နောက်မကျစေဘဲတင်ပြရမည်ဖြစ်ကြောင်း၊ စာအိတ်တွင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီလိုင်စင်လျှောက်လွှာ ဟူ၍ ရှင်းလင်းစွာ ရေးသားဖော်ပြရန်နှင့် သတ်မှတ်ထားသည့်ရက်ထက် နောက်ကျသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

●ရိုးမ-ရန်ကုန်မှ

ပထမ မူတီရာ၊ ဒုတိယ ဘင်အာလတ်၊ တတိယ ညီညီအောင်၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ အင်ဇီပို၊ ဒုတိယ အက်စတာ၊ တတိယ ဒွေးနဒီဗိုး၊(၁၀)ကီလိုမီတာ အမျိုးသားပြိုင်ပွဲတွင် ပထမ ပေါလ်ကီမာနီ၊ ဒုတိယ မောင်ချက်၊ တတိယ ရဲနိုင်ဝင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမ မာရီရမ်ဂရေး၊ ဒုတိယ ကောင်သရီနှင့် တတိယဟာနာတို့က ရရှိကြသည်။ သုံးကီလိုပြိုင်ပွဲတွင် နာမည်ကြီး အနုပညာရှင် စိုင်းစိုင်းခမ်းလှိုင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ဆုကြေးများအဖြစ် (၄၂)ကီလိုပြိုင်ပွဲတွင် ပထမ ဒေါ်လာ ၂၇၀၀၊ ဒုတိယ ဒေါ်လာ ၁၄၀၀၊ တတိယ ဒေါ်လာ ၉၀၀၊ (၂၁)ကီလိုပြိုင်ပွဲတွင် ပထမ ဒေါ်လာ ၁၆၀၀၊ ဒုတိယ ဒေါ်လာ ၉၀၀၊ တတိယ ဒေါ်လာ ၅၀၀၊ (၁၀)ကီလိုပြိုင်ပွဲတွင် ပထမ ဒေါ်လာ ၈၀၀၊ ဒုတိယ ဒေါ်လာ ၄၀၀ နှင့် တတိယ ဒေါ်လာ ၂၅၀ တို့ ချီးမြှင့်ခဲ့သည်။

ပျူခေတ်လက်ရာ ရေးဟောင်းပစ္စည်းများ ရေတာရှည်မြို့နယ် ကျွန်းတောကုန်းတောရကျောင်း၌ ထိန်းသိမ်းထား

ရေတာရှည် ဇန်နဝါရီ ၁၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပီတူးကျေးရွာအုပ်စုတွင် ပျူခေတ်လက်ရာ အဆောက်အအုံများနှင့် အုတ်ကျိုး/အုတ်ပဲ့များ၊ အကောင်းပကတိအတိုင်း လေ့လာနိုင်သော အုတ်ချပ်များ၊ အုတ်ခွက်၊ အုတ်ချပ်များ၊ အခြားသောရှေးဟောင်းလက်ရာများကို ကျွန်းတောကုန်းကျေးရွာတောင်ဘက် မိုင်ဝက်ခန့်သာသာရှိ ဂုမ္ဘာန်တောရကျောင်းတွင် ထိန်းသိမ်းထားသည်ကို တွေ့ရှိခဲ့ရသည်။

"အခု ပီတူးရွာ အရှေ့တောင်ဘက်မှာတွေ့ရတဲ့ ပျူခေတ်လက်ရာ အဆောက်အအုံရဲ့ အရှေ့ဘက်တစ်ကြောနဲ့ မြောက်ဘက်မှာရှိတဲ့ ကျွန်းတောကုန်းရွာ၊ အနောက်ဘက်၊ အရှေ့ဘက်ဆိုရင် ထိတ်ပေါက်ရွာကနေ တောင်ဘက် ပီတောက်စမ်းရွာအထိ ဒီလိုအုတ်ချပ်တွေ ကုန်းကမူတွေရှိတယ်။ တော်တော်ကိုကျယ်ဝန်းပါတယ်။ ဒီဘုန်းကြီးကျောင်းဝိုင်းထဲမှာလည်း တစ်ဝိုင်းလုံးမှာ ဘယ်နားတူးတူး အုတ်ချပ်တွေနဲ့ အုတ်ခွက်ဘုရားတွေ တွေ့ရတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှရွှေကပြောသည်။

ကျောင်းဝိုင်း အရှေ့ဘက်တွင် ရှေးဟောင်းစေတီပျက်ကို ပြုပြင်တည်ထားသောစေတီရှိပြီး သိမ်ဆောက်ထားသည့်နေရာတွင် ရှေးခေတ်က အသုံးပြုစိုက်ထူထားခဲ့သော ကျောက်ကြမ်းသိမ်ဝုတ်များကို ယခုထိတိုင် အကောင်းပကတိတွေ့ရှိရသည်။ "ဓမ္မာရုံထဲမှာ သိမ်းဆည်းထားတဲ့ ပျူခေတ်လက်ရာ အုတ်ချပ်ဘုရားတွေနဲ့ ဆေးတံ၊ ဘီးလူးဦးခေါင်းတွေက ဒီကျောင်းဝိုင်းထဲမှာ အဆောက်အအုံ ဆောက်ဖို့မြေတူးရင်းတွေ့တာ။ မြေအိုးနဲ့ ကြေးကွင်းလိုဟာတွေက ကျောင်းအနောက်ဘက်အကွက်က တွေ့ရတာ။ အိုးကတော့ ပေါက်တူးနဲ့ပေါက်မိလို့ ပျက်စီးသွားတာ။ အကွဲစလေးပဲရှိတော့တယ်"ဟု ဘုန်းတော်ကြီး တစ်ပါးက မိန့်ကြားခဲ့သည်။ အကျယ်အဝန်းမှာ သေချာစွာလေ့လာလျှင် လဝက်ခန့်ပင် ကြာမြင့်နိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ဆက်၍ ပြောသည်။ **ကိုလွင်(ဆွာ)**

❍ ကျောဖုံးမှ

မနောမြေအသင်းမှာ ယခုပွဲတွင်လည်း ကမ္ဘောဇအသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့သည်။

နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ကမ္ဘောဇအသင်းမှာ ခြေအသာမရခဲ့သလို အဆုံးသတ်ဂိုးသွင်းမသေချာ၍ ဂိုးများနှင့်လွဲချော်ခဲ့သည်။ ၁၇ မိနစ်တွင် အငြင်းပွားဖွယ်အနေအထားမှ ကမ်ဘူး၏ ဖရီးကစ်ဂိုးဝင်သွား၍ မနောမြေ ဂိုးစရခဲ့သည်။ ကမ္ဘောဇအသင်း ချေပဂိုးရရှိရန် တရစပ်ကြိုးစားသော်လည်း ၇၉ မိနစ်မှ ချေပဂိုးပြန်ရခဲ့သည်။ စိုးမင်းဦးကြောင့် ရရှိသည့်ပင်နယ်တီကို ကျော်ဇေယျာဝင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

(ဗထူးကွင်း)

ရတနာပုံ-တစ်ဂိုး (ဖိုးဒေး)

မကွေး-တစ်ဂိုး (ဆယ်လာ)

(YUSCကွင်း)

ရန်ကုန်ယူနိုက်တက်-ခြောက်ဂိုး

(ဆီဇာ-နှစ်ဂိုး၊ အီမာဆင်၊ ခင်မောင်လွင်နှင့် ကျော်ကိုကို-တစ်ဂိုးစီ။ ရခိုင်မှ မင်းကိုသူ ကိုယ့်ဂိုးကိုယ်သွင်း-တစ်ဂိုး)

ရခိုင်ယူနိုက်တက်-ဂိုးမရှိ

သတင်း။ ဓာတ်ပုံ - ရှိုင်းထက်ဇော်

❖ လျှပ်စစ်မီးမှ

ဦးစီးဌာနနဲ့ဆွေးနွေးပြီး ဆောင်ရွက်သွားပါ့မယ်။

ရက်ကန်းလုပ်ငန်းက ဒေသအလုပ်အကိုင်ရှာဖွေပေးတဲ့လုပ်ငန်းတစ်ခုလို့ မြင်ပါတယ်။ နောက်ပြီး ဒီမှာ ကချင်တိုင်းရင်းသားထည်တွေ၊ နာဂရိုးရာထည်တွေရက်လုပ်ရာနေရာလည်းဖြစ်ပါတယ်။ တောင်သာကျေးရွာ ရက်ကန်းလုပ်ငန်းက ကလေးမြို့နယ်မှာ အကြီးဆုံး၊ အများဆုံးရိုးရာထည်တွေ ထွက်ရှိရာနေရာဖြစ်ပါတယ်"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

ရက်ကန်းရက်လုပ်နိုင်ရန်အတွက် ချည်ကို အိန္ဒိယချည်နှင့် တရုတ်ချည်များကိုအသုံးပြုပြီး အိန္ဒိယချည်တစ်ထုပ်လျှင် ငွေကျပ် ၂၃၀၀၀ ပေးရပြီး တရုတ်ချည်တစ်ထုပ်လျှင် ငွေကျပ် ၂၇၀၀၀ ဈေးရှိကာ တစ်ထုပ်လျှင် ၁၅ လိမ်ပါပြီး တရုတ်ချည်က အလိမ်ပိုကြီးသောကြောင့် နှစ်ကွင်းသုံးကွင်း ပိုရကြောင်း သိရသည်။

"ရက်ကန်းကတော့ ဒီဇိုင်းမျိုးစုံ ရက်ပါတယ်။ သူတို့လိုချင်တဲ့ အကွက်အတိုင်း ဆောင်ရွက်ပေးပါတယ်။ ရက်လုပ်ခကတော့ အကွက်စိပ်ရင်စိပ်သလို ယူပါတယ်။ နောက်ပြီး တစ်ထည်ချင်း ဈေးနှုန်းကလည်း တက်သွားပါတယ်။ ရက်လုပ်တဲ့အကွက်တွေက စိပ်တယ်ဆိုရင် တစ်ထည်ကို တစ်ရက်နဲ့တစ်မနက်ကြာပါတယ်။ ရက်လုပ်ခကလည်း တစ်ထည်လျှင် ငွေကျပ် ၄၅၀၀ ကနေ ၅၀၀၀ အထိပေးရပါတယ်။ ပုံမှန်ရက်လုပ်နေတာကတော့ ၁၅ မျိုးရှိပါတယ်။ ဒီအထဲမှာမှ နာမည်ကြီးတာက စိန်တုံးကြီးတို့၊ လျှပ်စီးချိတ်တို့၊ စောင်းချိတ်တို့က လူကြိုက်များပြီး ရောင်းအားကောင်းပါတယ်"ဟု ရက်ကန်းလုပ်ငန်းပိုင်ရှင် ဦးကိုလတ်က ပြောသည်။

တောင်သာကျေးရွာထွက် လုံချည်များကို မြို့ပေါ်စတိုးဆိုင်များက ဝယ်ယူကြပြီး အိန္ဒိယမိုးရေးနှင့် ရိုဒ်နယ်စပ်ကုန်သွယ်စခန်းများမှနေ၍ တစ်ဖက်မီဇိုရမ်ပြည်နယ်နှင့် မဏိပူပြည်နယ်အထိ တင်ပို့ပေးရကြောင်း သိရသည်။

"ရက်ကန်းခတ်တဲ့သူတွေအနေနဲ့ အရင်တုန်းက အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အိုက်ဇောမြို့တွေအထိသွားပြီး ရက်လုပ်ကြတာရှိတယ်။ နောက်ပိုင်း ဆက်သွယ်သွားလာမှု မလွယ်ကူတာရယ်၊ ဘာသာစကားအခက်အခဲတွေရယ်၊ အလုပ်ရှင်၊ အလုပ်သမားပြေလည်မှု မရှိတာတွေကြောင့် ပြန်လာခဲ့ကြပြီး ကိုယ့်ဒေသနဲ့ကိုယ် လုပ်ကိုင်လာခဲ့ကြတာပါ။ အခုဆို အိုက်ဇောအထိ ပြန်ပြီး တင်ပို့ပေးနေရပါပြီ"ဟု ကလေးဒေသခံ ဦးဝင်းက ပြောသည်။

(လင်းလက်ကြယ်စင်)

ကံဆင့် ကံမြင့် ကံပွင့်စေမည့် မဟာသမယသုတ်တော် အဓိဋ္ဌာန်ကျင့်စဉ်



ဓမ္မာစရိယဦးအောင်ကျော်မိုး ရေးသားသော ကံဆင့် ကံမြင့် ကံပွင့်စေမည့် မဟာသမယသုတ်တော် အဓိဋ္ဌာန်ကျင့်စဉ်စာအုပ် ထွက်ရှိလာသည်။ စာအုပ်တွင် စာရေးဆရာက ပါဠိအသံ ထွက် မြန်မာပြန်ပါ ထည့်သွင်းပေးထားသည်။ နတ်ချစ်ဝိဇ္ဇာသုတ်၊ မဟာသမယသုတ်နိဒါန်း၊ မဟာသမယသုတ်ရွတ်ဖတ်ရန် အစီအစဉ် နတ်ခေါ်မန္တန်ခေါ် ရုက္ခစိုးမှော်ဂါထာစသည်တို့ ပါဝင်သည်။ စာအုပ်ကို မဏ္ဍိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၈၀၀ ဖြင့် ဖြန့်ချိသည်။

ကျွန်တော်နဲ့ဆောင်းပါးများစုစည်းမှု အတွဲ(၂)



ပါမောက္ခဒေါက်တာအောင်ထွန်းသက် မြန်မာ့အလင်းသတင်းစာတွင် အပတ်စဉ် ရေးသားခဲ့သည့် ဆောင်းပါးများကို စုစည်းကာ ဒုတိယတွဲအဖြစ် ထုတ်ဝေလိုက်သည်။ စာအုပ်တွင် ဆရာ၏ဖြတ်သန်းခဲ့ရသောကာလ၊ အတွေ့အကြုံများ၊ ကြုံတွေ့ခဲ့ရသည့် ကိစ္စရပ်များ၊ ကိုယ်ပိုင်အတွေး၊ အယူအဆနှင့် ထင်မြင်ချက်များကို မျှဝေပေးထားသည်။ အရာရာကို ခေါင်းညိတ်လက်ခံခြင်းမျိုးမဟုတ်ဘဲ ကိုယ်ပိုင်တွေးခေါ်နှင့်ဆင်ခြင်ပြီး အဖြေထုတ်နိုင်မည့် စွမ်းရည်မျိုးရအောင် ဆောင်းပါးများတွင် အသိပေးထားသည်။ စာအုပ်ကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ် အရောင်းဆိုင် အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ဖုန်း ၀၁-၂၄စ၁၀၂ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

အပြာရောင်ချစ်သူ . . . သို့



စာရေးဆရာမ မြကြာင့်၏ အပြာရောင်ချစ်သူ. . . သို့ နှင့် အခြားဝတ္ထုတိုများစာအုပ်ကို ရှင်မတောင် စာပေက တန်ဖိုးငွေ ကျပ် ၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

ဤစာအုပ်တွင် စာရေးဆရာမ မစန္ဒာနှင့် ကျူးတို့က အမှာစာများ ရေးပေးထားပြီး မိုးပျံပူဖောင်းကလေး၊ အနီးမှန်(၂၃)၊ ဝေဝေရေ. . . ငါးလေးရရ. . . ငါးခြောက်လေးရရ ဝယ်ခဲ့ပါ၊ အဖိုးထိုက်တန်ပစ္စပ္ပန်၊ သမုဒယနှောင်ဖွဲ့ ဒိုင်ယာရီ၊ ဘဝရေတိမ်၊ အနုသယမျှင်းပြိုင်၊ အစကကြိုသိခဲ့ရင်၊ ချောင်သေလာ ရွှေဝါကွေ့. . . မှာဖြင့်၊ လွမ်းရိပ်ကယ်ဆင် အတိတ်ရင်ခွင် ခိုဝင်မိပြန်တော့. . . ၊ ဆူးလှည်းဟုပင် ကမ္ဘည်းတင်စေ၊ အပြာရောင်ချစ်သူ. . . သို့ ဟူသည့် ဝတ္ထုတို ၁၂ ပုဒ်ပါရှိသည်။

မြန်မာပြည်တစ်ခွင် ရိုးရာပွဲတော်များ

ကွယ်လွန်သူ ဆရာတင်နိုင်တိုး ပြုစုသော မြန်မာပြည်တစ်ခွင် ရိုးရာပွဲတော်များစာအုပ် ထွက်ရှိလာသည်။ နယ်မြေဒေသအသီးသီးတွင် ကျင်းပမြဲဖြစ်သော ပွဲတော်များက အများအပြား ရှိသည်။ ထိုအထဲမှ ထင်ရှားကျော်ကြားသော၊ မှတ်တမ်းတင်ထားသော ပွဲတော်များကို ပြုစုရေးသားထားခြင်းဖြစ်သည်။ ပွဲတော်ပေါင်း ၇၀ ကျော်၏အကြောင်းကို သမိုင်းကြောင်းနှင့်တကွ ရှားပါးဓာတ်ပုံများနှင့်အတူ စာရေးသူက အသေးစိတ်ဖော်ပြထားသည်။ စာအုပ်ကို မဏ္ဍိမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁ ၃၉၂စ၃၅ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

သီးစုံဖျော်ရည်များ



မြတ်နဒီရေးသားပြုစုသည့် စပ်နည်းစုံလင် အရသာထူးခြား သီးနှံစုံဖျော်ရည်များ စာအုပ် ထွက်ရှိလာသည်။ အရသာထူးခြားပြီး ကျန်းမာရေးနှင့်ပြည့်စုံသည့် ဖျော်ရည်စပ်နည်းများကို ဖော်ပြထားသည်။ ဖျော်ရည်၏ တန်ဖိုးများကို ဖော်ပြထား၍ အားကစားသမားများ၊ လူမမာများ၊ အဆီချလိုသူများ၊ ဧည့်ခံတိုက်ကျွေးလိုသူများအတွက် အသုံးဝင်သော စာအုပ်ဖြစ်သည်။ စာအုပ်ကို စာပေလောက-၅ အမှတ် (၁၃၈/၁၄၀) (ပထမထပ်) ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

◎ စာမျက်နှာ ၆ မှ

ဈေး ၃ တစ်နှစ်တာအတွင်း နိုင်ငံတစ်နိုင်ငံ၏ လူတစ်ဦးပျမ်းမျှအမဲသား စားသုံးမှု

စဉ်	နိုင်ငံ	ပျမ်မျှစားသုံးမှု (ကီလိုဂရမ်)
၁	အာဂျင်တီးနား	၆၄. ၆
၂	ဥရုဂွေး	၅၆. ၁
၃	အမေရိက	၄၀. ၂
၄	ဘရာဇီး	၃၂. ၃
၅	နယူးဇီလန်	၃၃. ၃
၆	ကနေဒါ	၂၈. ၅
၇	ဩစတြေးလျ	၃၅
၈	အီးယူ-၂၇	၁၆. ၉
၉	ရုရှား	၁၃. ၈
၁၀	တရုတ်	၄. ၃

မူရင်း USDA (United States Department of Agriculture), ၂၀၁၃

အခြားသော စီးပွားဖြစ်မွေးမြူထုတ်လုပ်တဲ့ မွေးမြူရေးတိရစ္ဆာန်များနှင့် နှိုင်းစာရင် အသားစားနွားမွေးမြူထုတ်လုပ်ရေးရဲ့ အဓိကအားသာချက်ကတော့ နိုင်ငံအတွင်းမှာရှိတဲ့ အစာကြမ်း၊ အစာနုရရှိနိုင်မှုအပေါ် အခြေခံပြီး ထုတ်လုပ်မှုပုံစံအမျိုးမျိုးနဲ့ မွေးမြူထုတ်လုပ်နိုင်တဲ့ ညီနှိုင်းပြုပြင်ရ လွယ်ကူမှုရှိခြင်းပဲဖြစ်ပါတယ်။ ဒေသတွင်းမှာ ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့နဲ့ နယ်နိမိတ်ချင်း ထိစပ်နေတဲ့ တရုတ်ရဲ့အမဲသားစားသုံးမှုနဲ့ ဝယ်လိုအားဟာ ဆက်လက်မြင့်တက်နေဦးမှာဖြစ်ပါတယ်။

အထက်မှာဖော်ပြပြီးဖြစ်တဲ့အတိုင်း တရုတ်မှာ လူတစ်ဦးချင်းရဲ့ အမဲသားပျမ်းမျှစားသုံးမှုဟာ အနောက်နိုင်ငံများနဲ့နှိုင်းစာရင် နည်းပေမယ့် တိုးတက်လာနေတဲ့စီးပွားရေးကြောင့် အသားစားသုံးမှုမြင့်တက်လာဖို့ အလားအလာရှိနေပြီး များပြားလှတဲ့လူဦးရေတို့ကြောင့် အနာဂတ်မှာတော့ အမဲသားဝယ်လိုအား အကြီးအကျယ်ရှိနိုင်တဲ့ စျေးကွက်ကြီးတစ်ခု ဖြစ်ပါတယ်။ ကြီးမားတဲ့စျေးကွက်ကြီးနဲ့ ဆက်စပ်နေတာကြောင့် မြန်မာနိုင်ငံအနေနဲ့ အသားစားနွားမွေးမြူရေးကို တိုးချဲ့မွေးမြူသင့်ပါတယ်။

မြန်မာနိုင်ငံရဲ့ နွားမွေးမြူရေးမှာ နွားရူးရောဂါမရှိပါဘူး။ ခွာနာ၊ လျှာနာရောဂါ မကင်းရှင်းနိုင်သေးဘူးဆိုပေမယ့် ဒီရောဂါဟာ လူကို ကူးစက်နိုင်ခြေ အလွန်အလွန်ကို နည်းပါးပြီး အကယ်၍ ရှားရှားပါးပါး ကူးစက်ခဲ့ရင်တောင် လူကိုမသေစေနိုင်တာကြောင့် နွားရူးရောဂါရှိနေတဲ့ နိုင်ငံများနဲ့နှိုင်းစာရင် ဝယ်လိုအား ပိုမိုရရှိမှာသေချာပါတယ်။ အနာဂတ်မှာ စျေးကွက်အခြေပြုမွေးမြူရေး၊ စိုက်ပျိုးရေးတွေ ပိုမိုဖြစ်ပေါ်လာနိုင်တာမို့ မဟာဗျူဟာကျတဲ့နေရာမှာရှိနေတဲ့ မြန်မာနိုင်ငံရဲ့ အသားစားနွားမွေးမြူရေးကို အရှိန်အဟုန်နဲ့ တိုးချဲ့မွေးမြူသင့်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

ဖားကန့်မြို့ စွန့်ပစ်မြေစာပြိုကျမှု ပျောက်ဆုံးသူများကို ဆက်လက်ရှာဖွေ

ဖားကန့် ဇန်နဝါရီ ၁၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ အေးမြသာယာရပ်ကွက် မော်မောင်းကုန်းနှင့် ဆွတ်နန်ကုန်းကြားရှိ ရတနာဆင်သီရိကျောက်မျက်ကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံ ရုတ်တရက်ပြိုကျမှုကြောင့် သေဆုံးသူများကို ဇန်နဝါရီ ၁၀ ရက်တွင် ကုမ္ပဏီ ဘက်ဟိုးယာဉ်များဖြင့် ဆက်လက်တူးဖော်ရှာဖွေနေသော်လည်း တစ်ဦးတစ်ယောက်မျှ ထပ်မံမတွေ့ရှိသေးကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုပျောက်ဆုံးနေတဲ့စာရင်းကို အုပ်ချုပ်မှုအဖွဲ့အစည်းတွေကို သတင်းပေးဖို့တောင်းထားတယ်။ ဒါပေမယ့် အမည်စာရင်းပေးပို့တဲ့သူတွေမရှိသေးဘူး"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးက ပြောသည်။ အဆိုပါဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက်ည ၇ နာရီ မိနစ် ၂၀ တွင် ဖြစ်ပွားခဲ့ပြီး ယင်းမြေစာပုံအောက်ခြေ၌ ယာယီစျေးဆိုင်တဲ၀ယ် ခုနစ်ဆိုင်ခန့်၊ ဆိုင်ကယ်အစီး ၅၀ ခန့်နှင့် ရေမဆေးကျောက်ရှာဖွေသူ ၂၀၊ ၃၀ခန့်ရှိကြောင်းသိရသည်။

ယင်းမြေစာပိပျောက်ဆုံးနေသူများအား ရတနာဆင်သီရိကုမ္ပဏီနှင့် ဇေကမ္ဘာကုမ္ပဏီတို့မှ ဘက်ဟိုးယာဉ်လေးစီးဖြင့် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းမှစ၍ တူးဖော်ရှာဖွေခဲ့ရာ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့၏ ရုပ်အလောင်းများကိုသာ တူးဖော်တွေ့ရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဖားကန့်မြို့မရဲစခန်း၌ သေမှုသေခင်းအမှတ်စဉ်(၂/၂၀၁၅)ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကေဆိုင်းနော်(ဖားကန့်)**

မြေနီတောင်ပြိုကျပြီး ယာဉ်ပေါ် ပိ၍ ယာဉ်မောင်းသူသေ

မြည် ဇန်နဝါရီ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက် ဘုရင့်နောင်လမ်းမကြီးဘေး စကြ်န်တောင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြေနီတောင်မှ မြေနီသယ်ယူသော ဖောကားမှာ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် မြေနီတူးဖော်ထုတ်ယူပြီး ပြန်လည်ထွက်ခွာရန် ပြုလုပ်နေစဉ် မြေနီတောင်ပြိုကျပြီး ယာဉ်ပေါ် ပိမိသဖြင့် ယာဉ်မောင်းတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ပြည်မြို့ ရွာဘဲရပ်ကွက် စည်တော်မင်္ဂလာရပ်နေ ဦးစန်းနိုင်ဦး(၄၂)နှစ် မောင်းနှင်ပြီး အလုပ်သမား လေးဦးလိုက်ပါလာသော ယာဉ်အမှတ် ၈၅/---- ဖောကားလိမ္မော်ရောင်သည် စကြ်န်တောင် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ အမြင့်ပေ ၄၀ ခန့်၊ အကျယ်ပေ ၂၀၀ ပတ်လည်ခန့်ရှိ မြေနီမြေသားတောင်တွင် ကားကို နောက်ပိုင်းကပ်ပြီးမြေများသယ်ယူ ပြန်ထွက်ရန်ပြင်နေစဉ် အဆိုပါမြေနီတောင်မှ မြေသားများ၊ ကျောက်တုံးများ ပြိုကျလာပြီး ကားပေါ်သို့ ပြုတ်ကျခဲ့ရာ ယာဉ်နောက်ပိုင်းရှိ အလုပ်သမားလေးဦးမှာ ထွက်ပြေးလွတ်မြောက်သွားသော်လည်း ကားခေါင်းခန်းထဲ၌ရှိသော ယာဉ်မောင်းဦးစန်းနိုင်ဦးနှင့် ကားတစ်စီးလုံး မြေသားများဖြင့် ဖုံးအုပ်သွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပိုင်းဝန်းတူးဖော်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် ယာဉ်မောင်းဦးစန်းနိုင်ဦးအား ဆွဲထုတ်ဆယ်ယူနိုင်ခဲ့သော်လည်း ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းတွင်သေဆုံးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ရွှေပြည်သာမြို့တွင် တို့ဆေးအသုံးပြု၍ လုယက်မှုဖြစ်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့ (၅)ရပ်ကွက် အပိုင်(၅/၅)ရပ်ကွက် ခတ္တာလမ်းသွယ်(၂)တွင် ဇန်နဝါရီ ၇ ရက် နံနက် ၆ နာရီခန့်က တို့ဆေးအသုံးပြု၍ လုယက်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ထိုနေ့ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်က အိမ်ရှင်ဒေါ်---သည် မျက်နှာသစ်နေစဉ် အသက်(၂၀) ကျော်အရွယ်ခန့်ရှိ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ဒေါ်---၏ ခင်ပွန်းနာမည်ကိုခေါ်၍ "ရွာကို ပြန်မလို့။ ဘာမှာလိုက်ဦးမလဲ ဦး ---" ဟု ပြောသဖြင့် ဒေါ်--- က လမ်းလျှောက်ထွက်နေသော ခင်ပွန်း၏ ဧည့်သည်များဟု ယူဆကာ အိမ်ပေါ်တွင်ဧည့်ခံ၍ စကားပြောခဲ့သည်။ အခြားမိသားစုဝင်များမှာ အိပ်ရာမှမနိုးသေး၍ အိမ်ရှင်နှင့် သုံးပေခန့်အကွာတွင် ထိုင်နေသော အမျိုးသမီးက ယူလာသော မုန့်ထုပ်ထဲက မုန့်များကို ယူစားနေရင်း အိမ်ရှင်၏ပခုံးကို လက်ဖြင့်ပုတ်၍ "အစ်မကြီး မုန့်စားပါဦးလား"ဟု ပြောရာ အိမ်ရှင်က မစားလိုကြောင်း ပြောနေစဉ် နောက်တစ်ကြိမ် ပေါင်ကိုပုတ်၍ "အားနာစရာ မလိုပါဘူး။ စားပါအစ်မကြီး" ဟု ပြောသည်ကိုသာ သိရှိလိုက်ရပြီး ဒေါ်---မှာ ကြမ်းပြင်ပေါ်သို့ မေ့မြောလဲကျသွားခဲ့သည်ဟု သိရသည်။

ယင်းနောက် နောက်ဖေးဆောင်တွင် အိပ်နေသော မိသားစုဝင်များ နိုးလာသောအခါ ကြမ်းပြင်ပေါ် တွင် မေ့မြောလဲကျနေသော ဒေါ်---နှင့် ပျက်စီးနေသော သေတ္တာနှင့် ဗီရိုတို့ကို တွေ့ကြရသဖြင့် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းကာ ဒေါ်---ကို ဆေးခန်းသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့ရသည်ဟု ဆိုသည်။ ခင်ပွန်းဖြစ်သူက ယင်းဖြစ်စဉ်ကို သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရွှေပြည်သာ ရဲစခန်းသို့ အကြောင်းကြားခဲ့ပြီး တစ်ကျပ်တစ်ရွေးသားရှိ အမ်စီဆွဲကြိုး တစ်ကုံး၊ ငါးမူးသားရှိ လက်ကောက်သုံးကွင်း၊ သုံးပဲသုံးရွေးသားရှိ လက်စွပ် တစ်ကွင်း၊ တစ်မတ်ငါးရွေးသားရှိ လက်စွပ်တစ်ကွင်းနှင့် ငွေသားကျပ်၂၁ သိန်းတို့ ယူဆောင်သွားကြောင်း သိရသည်။ **(၂၈၂)**

နမ့်စန်နှင့် ဝိုင်းမော်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၁

မူးယစ်တပ်ဖွဲ့စု(၂၇)လွှဲင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၉ ရက်က နမ့်စန်-မိုးနဲသွားကားလမ်း ဘီးခွန်ကောက်စခန်းတွင် မတ်ကျန်းဒေသမှ နမ့်စန်ဘက်သို့ စိုင်းမြင့်အောင် မောင်းနှင်လာသည့် ယာဉ်အမှတ် ၁၁/----Honda Stream အဖြူရောင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀နှင့် ရှမ်းစတ္တူဖြင့် ထုပ်လျက် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် စိုင်းမြင့်အောင် (၄၀)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ နယ်မြေခံတပ်မှ ဇန်နဝါရီ ၈ ရက်က ပိုင်းမော်မြို့နယ် သစ်ချကွင်းတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် စိတ်ကြွရူးသွပ်ဆေးပြား ၇၉၂၀၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ လေးဂရမ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ၍ မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားသို့ လွှဲပြောင်းပေးအပ်သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

စိုင်းမြင့်အောင်အား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

တန့်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းဝင်ကျန်းမာမှ

မော်လမြိုင် သံလွင်တံတားပေါ် ရထားလမ်းချော်

မော်လမြိုင် ဇန်နဝါရီ ၁၁

မော်လမြိုင်မှ နံနက် ၈ နာရီထွက်ခွာသော မော်လမြိုင်-ရန်ကုန် အမှတ်(၉၀) အစုန်လူစီးရထားသည် မော်လမြိုင်-မုတ္တမသံလွင်မြစ်ကူးတံတားပေါ်တွင် ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီ မိနစ်၂၀ က ရထားလမ်းချော်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါရထား၏ စက်ခေါင်းအနောက် BDTZ 10632 ရိုးရိုးတန်းလူစီးတွဲ၏ ဘီးအမှတ်(၃)နှင့် ဘီးအမှတ်(၆)တို့ သံလမ်းအတွင်းနှင့် အပြင်ကပ်ကျခြင်းဖြစ်ပြီး မြန်မာ့မီးရထားမှ သွားလာပို့ဆောင်ရေးဌာနမန်နေဂျာဦးစီးရွှေ အင်ဂျင်နီယာမှူး (စက်မှု)၊ ရုံပိုင်ကြီးအထူးတန်း (မော်လမြိုင်) တွဲအုပ်ကြီးနှင့် လုပ်သားများက သွားရောက်၍ အခ်ိန်မီမတင်ပြပြင်ခဲ့မှုကြောင့် မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ထွက်ခွာနိုင်ခဲ့ကြောင်း သိရသည်။

"သံလွင်တံတား စဖွင့်ပြီးကတည်းက တံတားပေါ်မှာ လမ်းချော်တာ တစ်ခါမှ မကြာဖူးဘူး။ အခုလိုဖြစ်ရတာ နှစ်ရက်ဆက်တိုက် မိုးရွာလို့ အအေးဓာတ်လွန်ကဲပြီး သံလမ်းကျုံ့ဝင်တာလို့ပြောတယ်။ ရထားက တာဝန်ရှိသူတွေ အနေနဲ့ လမ်းပိုင်းစစ်ဆေးတာတို့၊ တွဲတွေစစ်ဆေးတာတို့ အမြဲအပြတ်လုပ်နေဖို့ လိုတယ်။ စစ်ဆေးမှုအားကောင်းရင် ဖြစ်လာနိုင်ချေတွေ ပိုမိုနည်းသွားမယ်" ဟု ပြည်သူတစ်ဦးက ပြောသည်။

(ဆက်နေမင်းအောင်)

နေပြည်တော် ကျောက်ဖျာကျေးရွာထွက် ကွမ်းရွက်များ ယခုနှစ်အတွင်း စျေးနှုန်းအနည်းငယ် မြင့်တက်

နေပြည်တော်၊ ဇန်နဝါရီ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာမှ ကွမ်းရွက်စျေးနှုန်းမှာ ယခင်နှစ်က ငွေကျပ် ၂၈၀၀ ရှိရာမှ ယခုနှစ်တွင် ငွေကျပ် ၃၀၀၀ သို့ တိုးမြင့်သွားကြောင်း ကွမ်းရွက်စိုက်ပျိုးသူတစ်ဦးဖြစ်သည့် ဦးမျိုးဝင်းက ပြောသည်။

ယင်းဒေသရှိ ကွမ်းရွက်များကို ပဲခူးမြို့နှင့် အခြားဒေသများသို့ တင်ပို့ပေးနေရကြောင်းနှင့် အဆိုပါ ကွမ်းရွက်များကို ကြိုက်နှစ်သက်သူများပြားလာကြောင်း ၎င်းကဆက်လက်ပြောသည်။

"ဒီကွမ်းစိုက်ပျိုးတာ အခြားဒေသက စိုက်ပျိုးတာနဲ့မတူဘူး။ ကွမ်းရွက်ခူးတဲ့အခါ အပင်တွေပေါ် တိုင်စိုက်ပြီးတော့ တက်ရတယ်။ ကွမ်းရွက်ခူးပြီး ပြန်ဆင်းတဲ့အခါ တိုင်တွေကိုပြန်နုတ်ပြီးဆင်းရတယ်။ ဒါက ဒီနယ်က မိရိုးဖလာဓလေ့ပါ။ အခုလို ကွမ်းစျေးကောင်းလာတော့လည်း စိုက်ပျိုးတဲ့ပြည်သူတွေအတွက် အကျိုးအမြတ် ပိုရပါတယ်"ဟု ယင်းဒေသရှိ ကွမ်းစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ယင်းဒေသရှိ ကွမ်းရွက်များကို အခြားမြို့များသို့ တင်ပို့ပေးလျက်ရှိရာ ယခင်မြေသားလမ်းမဖောက်မီက ကွမ်းရွက်များကို တောင်အောက်သို့ တစ်ပေခန့်ရှိသော လျှောက်လမ်းဖြင့်သာ သယ်ကြရပြီး ယခုအခါ ခေတ်အေးမှ ကျောက်ဖျာကျေးရွာထိ အရှည်လေးမိုင်ခွဲ၊ အကျယ် ရှစ်ပေရှိ တောင်တက်မြေသားလမ်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှစတင်ကာ နေပြည်တော်ကောင်စီဘတ်ဂျက်ဖြင့် မွန်ရေးကုမ္ပဏီက တာဝန်ယူဖောက်လုပ်ပေးလျက်ရှိသဖြင့်ကွမ်းစိုက်ပျိုးရောင်းချသူများအတွက် မျှားစွာအချိန်ကုန်သက်သာသွားသည်။

ယင်းသို့ မြေသားလမ်း ဖောက်လုပ်ပေးခြင်းဖြင့် နှစ်နာရီ လျှောက်ရမည့်ခရီးကို ဆိုင်ကယ်ဖြင့် မိနစ် ၂၀ လောက်သာကြာမြင့်တော့မည်ဖြစ်သဖြင့် အချိန်ကုန်လူပင်ပန်းသက်သာလာမည့်အပြင် ယင်းဒေသရှိ ကွမ်းစိုက်ပျိုးသူများမှာ ယခုလို ကွမ်းစျေးကောင်းလာချိန်တွင် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကွမ်းစိုက်ပျိုးသူများကပြောသည်။ **(စန္ဒာဝင်း)**

ရဲတပ်ဖွဲ့ဝင်များက စက်ဘီးလှည့်ကင်းများဖြင့် ကင်းလှည့်စောင့်ရှောက်

နေပြည်တော်၊ ဇန်နဝါရီ ၁၁

နေပြည်တော် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်နှင့် ဒကွိုဏာခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းခွန်တို့၏ ညွှန်ကြားချက်နှင့်အညီ ဒကွိုဏာခရိုင် ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့နယ်မြေအတွင်း၌ ရဲတပ်ဖွဲ့ဝင်များမှ စက်ဘီးလှည့်ကင်းများနှင့် ကင်းလှည့်စောင့်ရှောက်၍ မှုခင်းကျဆင်းရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

၎င်းစက်ဘီးများမှာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစီအစဉ်နှင့် နိုင်ငံခြားမှ မှာယူထားသော ခေတ်မီစက်ဘီးများဖြစ်သည်။

ယင်းစက်ဘီးများမှာ မော်တော်ယာဉ်နှင့်ကင်းလှည့်ခြင်းကဲ့သို့ မြန်ဆန်မှုမရှိသော်လည်း ကား၊ ဆိုင်ကယ်များ မဝင်ရောက်နိုင်သည့်လမ်းကြားများအထိဝင်ရောက်နိုင်ကာ ပြည်သူများနှင့် နေရာလပ်မကျန်တွေ့ရှိကူညီနိုင်ခြင်း၊ ပြည်သူက ပေးလာသော သတင်းစကားများရရှိ၍မှုခင်းများ ကြိုတင်ကာကွယ်နိုင်ကြောင်း သိရသည်။ **သန်းနိုင်(ဇမ္ဗူသီရိ)**

ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာ ရွာတွင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော်၊ ဇန်နဝါရီ ၁၁

နေပြည်တော် ကောင်စီနယ်မြေ ဒကွိုဏာခရိုင် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာရှိ ရွာတွင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်ရှိ မင်္ဂလာနေရာ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးစိုးနိုင်ဦးက ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာရှိ ရွာတွင်းလမ်း ကတ္တရာလမ်းသစ်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများနှင့် လမ်းအားရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးကျော်ဆန်းက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာရှိ ရွာတွင်းလမ်း ကတ္တရာလမ်းသစ်ကို နေပြည်တော် ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးကျော်မြင့်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ကတ္တရာလမ်းသစ်ကို ကြည့်ရှုကြသည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင် ဦးမျိုးညွန့်သည် အလျင်လိုကျေးရွာရှိ အောင်ဆုထူးစံမြောရုံတွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဇမ္ဗူသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာရှိ ရွာတွင်းလမ်း ကတ္တရာလမ်းသစ်ကိုအရှည် ပေ ၅၃၄၀၊ အကျယ် ၁၄ ပေရှိ ကတ္တရာလမ်းသစ်အဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံပြည်သူများ အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် ဦးမျိုးညွန့်သည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရွှေကြာပင်စျေးနှင့် သပြေကုန်းစျေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး နေပြည်တော် စည်ပင်သာယာရေး ကော်မတီ စျေးများဌာနမှူး ဦးမင်းလွင်စိုးနှင့် ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးမှူး ဒေါက်တာဝင်းနိုင်တို့က စျေးများအတွင်း စားသောက်ကုန်ပစ္စည်းများ ရောင်းချရာတွင် ဓာတုဆိုးဆေးသုံးစွဲသောပစ္စည်းများ ရောင်းချမှုမရှိရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းလတ်ဆတ်သည့် ယင်မနားသည့် အစားအသောက်များအဖြစ် စနစ်တကျ ရောင်းချနေမှုများကို တာဝန်ရှိသူများနှင့်အတူ အမြဲမပြတ် ပူးပေါင်းစစ်ဆေးကြပ်မတ်လျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ရွှေကုန်ကို)





လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇန်နဝါရီ ၉ ရက်က ချင်းပြည်နယ် မင်းတပ်မြို့ ကွက်စိပ်(၅)ရပ်ကွက်တွင် နေထိုင်သော အသက်(၁၀၄) နှစ်ရှိ အဘိုးဦးမိန်ထုံအား နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ လစဉ်ခံစားမြင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်းစုဆောင်းငွေမှ ထောက်ပံ့ငွေ နှစ်သိန်းကျပ်စီအား နိုင်ငံတော်ကိုယ်စားပေးအပ်သည်။

ထို့နောက် မင်းတပ်ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး၊ တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ မင်းတပ်မြို့ အထက(၁)တွင် ကျင်းပသော ချင်းပြည်နယ်အတွင်းရှိ အသက်(၁၀၀)နှစ်နှင့် အထက် သက်ကြီးဝါကြီးများအား ဂုဏ်ပြုလွှာနှင့် ထောက်ပံ့ငွေ ချီးမြှင့်ပွဲ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် လူမှုစောင့်ရှောက်ရေးနှင့်သဘာဝဘေး လျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များ နည်းပြသင်တန်း (၂/၂၀၁၅)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မင်းတပ်မြို့ ကွက်စိပ်(၅) အနောက်ရပ်ကွက်နေ အသက်(၁၀၄) နှစ်ရှိ ဦးမိန်ထုံနှင့် ဟားခါးမြို့ မြို့သစ်ရပ်ကွက်နေ အသက်(၁၀၂)နှစ်ရှိ အဘွား ဒေါ်ဟွတ်ဒွေးတို့အတွက် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာများနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ လစဉ်ခံစားမြင့်ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်းစုဆောင်းငွေမှ ထောက်ပံ့ငွေ နှစ်သိန်းကျပ်စီအား နိုင်ငံတော်ကိုယ်စားအတူ နေမိသားစုဝင်များထံ ပေးအပ်သည်။

ဆက်လက်၍ မင်းတပ်မြို့နယ်အတွင်းရှိ ခြုံကျေးရွာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၇ ဒသမ ၄ သိန်း၊ အရှေ့ပြင်ရပ်ကွက်(သိပ္ပံ) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၄ ဒသမ ၄၈ သိန်း၊ ဝမ္မသူးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၄ ဒသမ ၄၈ သိန်း၊ ဝကောက်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၂၉ ဒသမ ၂ သိန်းနှင့် မေတ္တာစမ်းရေ ဘိုးဘွားရိပ်သာအတွက် ခြောက်သိန်း၊ ကန်ပက်လက်မြို့နယ်အတွင်းရှိ ထေရဝါဒဗုဒ္ဓ သာသနာပြု(ဗဟို)လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၉ ဒသမ ၈ သိန်း၊ ခေါနုသုံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၅ ဒသမ ၅ သိန်း၊ ဘဝအလင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၂ သိန်းနှင့် ရင်သွေးငယ်များခိုလှုံရာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၂ သိန်း၊ မတူပီမြို့နယ် ခိုဘွေရပ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၈ ဒသမ ၂ သိန်း၊ ပလက်ဝမြို့နယ် ပလက်ဝ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၄ ဒသမ ၆ သိန်း၊ မင်းတပ်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း လေးကျောင်းအတွက် ၂၄ သိန်း၊ ဖလမ်းမြို့နယ်အတွင်းရှိ တောင်တန်းသာသနာပြုလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၄၀ ဒသမ ၁၀ သိန်း၊ ဗားလုံးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၀ ဒသမ ၅ သိန်း၊ နာဇရက်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကိုးသိန်းနှင့် အဂ္ဂပွါယ် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ကိုးသိန်း၊ တီးတိန်မြို့နယ် ဗေသေသဒ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၃၃ ဒသမ ၂၅ သိန်း၊ ဖလမ်းခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၅ ကျောင်းအတွက် သိန်း ၉၀ ၊ ထန်တလန်မြို့နယ် ထန်တလန် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၂၉ ဒသမ ၁၅ သိန်း၊ နိုမန်ပန်းဥယျာဉ် လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ဂေဟာအတွက် ၂၁ ဒသမ ၈၅ သိန်းနှင့် ဟာရဖီးလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ကိုးသိန်း၊ ဟားခါးမြို့နယ်အတွင်းရှိ ကျုံးကျုံး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁ ဒသမ ၂၅ သိန်းနှင့် ဗေသလ ဘိုးဘွားရိပ်သာအတွက် ၁၄ ဒသမ ၆ သိန်း၊ ဟားခါးခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၁ ကျောင်းအတွက် ၆၆ သိန်း စုစုပေါင်း ကျပ်သိန်းပေါင်း ၆၈၁ ဒသမ ၃၆ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ဂေဟာအုပ်ချုပ်ရေးမှူး တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် မင်းတပ်မြို့နယ် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းသို့ သွားရောက်ကာ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့တွင် ဖွင့်လှစ်ထားသည့် လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ နည်းပြသင်တန်းတွင် တက်ရောက်နေသော လူငယ်မောင်မယ် ၁၀၂ ဦးတို့အား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။ ဆက်လက်၍ခရိုင် လူမှုဝန်ထမ်းဦးစီးဌာနရုံးသို့ သွားရောက်ကာ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဇန်နဝါရီ ၁၀ရက်တွင်ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ပုဂံမူလတန်းကျောင်းကို ကြည့်ရှု၍ သင်ထောက်ကူ ပစ္စည်းများထောက်ပံ့ပေးပြီး ခရိုင်ကယ်ဆယ်ရေးဂိုဒေါင်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ်အတွင်းရှိ ထီးပုကျေးရွာနေ အသက်(၁၀၀)ရှိ အဘိုး ဦးညိုအား တွေ့ဆုံ၍ လည်းကောင်း၊ စပါးသင်းကျေးရွာနေ အသက်(၁၀၀)ရှိအဘွားဒေါ်ကလီစာအား လည်းကောင်း၊ ကူတောကျေးရွာနေ အသက် (၁၀၂)နှစ်ရှိ အဘွားဒေါ်အပ်သေးအား လည်းကောင်း တွေ့ဆုံ၍ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာများနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ လစဉ်ခံစားမြင့် ထောက်ပံ့ငွေများမှ ၂၅ ရာခိုင်နှုန်းစုဆောင်းငွေမှ ထောက်ပံ့ငွေ နှစ်သိန်းကျပ်စီကို နိုင်ငံတော်ကိုယ်စား ပြည်ထောင်စုဝန်ကြီးက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုန်အမှတ်တံဆိပ်သက်တမ်းတိုးကြေညာချက်

Miss Tourism
Miss Tourism Myanmar

Int'l Class 14: "Precious metals and their alloys and goods in precious metals or coated therewith, not included in other classes; jewellery, precious stones; horological and chronometric instruments"
Int'l Class 16: "Paper, cardboard and goods made from these materials, not included in other classes; printed matter; bookbinding material; photographs; stationery; adhesives for stationery or household purposes; artists' materials; paint brushes; typewriters and office requisites (except furniture); instructional and teaching material (except apparatus); plastic materials for packaging (not included in other classes); printers' type; printing blocks"
Int'l Class 25: "Clothing, footwear, headgear"
Int'l Class 39: "Transport; packaging and storage of goods; travel arrangement"
Int'l Class 41: "Education; providing of training; entertainment; sporting and cultural activities"

MYANMAR TRADEMARK AND PATENT LAW FIRM

Asia Dragon

ရေးကျွက် ဂျာနယ်
အပတ်စဉ် တနလာနေတိုင်း
ဆေးကုမ္ပဏီတို့၏ လျှို့ဝှက်ချက်
SPECIAL REPORT
- ၂၀၁၅ ခရီးကြမ်း
- ၂၀၁၅ မှာ ရှောင်ကြဉ်သင့်တဲ့ ရက်ကိုးချိုး
- အနာဂတ်အတွက် အခြေခံအုတ်မြစ်
- ဓား ၊ တရားနဲ့ စကား
- အိမ်ခြံမြေဈေးနှုန်း ကြီးမားလာတဲ့ပြဿနာ ဘယ်လိုရင်ဆိုင်မြေရှင်းမှာလဲ
- မြေပုံမြေရာဝင် ကူးယူခွင့် ငြင်းပယ်လျှင်
- တန်ဖိုးနည်း မြေကွက်ငယ်များဘက် ဝယ်ရောင်းသမားများ ခြေဦးလှည့်လာ
- ဆီးချို သွေးချို တောရော မြိုပါ အဖြစ်များလာ
- တစ်သက်လုံးကြိုးပြင်းမလာတဲ့ ကလေးတွေလို . . . လူ

အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို စက်မှုဇုန် ရောင်းဝယ် ငှား ဈေးနှုန်း သတင်း အချက်အလက်များ ပြည့်စုံစွာ...

ဂါရတ်ဘေးလ်မှာ တစ်ကိုယ်ကောင်း ဆန်သူဟု ရီးယဲလ်ပရိသတ်များ ဝေဖန်

ရီးယဲလ်မက်ဒရစ်အသင်း၏ တောင်ပံကစားသမား ဂါရတ်ဘေးလ်သည် အက်စ်ပန်ညိုအသင်းအား ရီးယဲလ်မက်ဒရစ်အသင်းကအနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း အက်စ်ပန်ညိုဂိုးသမားနှင့် ဂါရတ်ဘေးလ်တို့ တစ်ဦးချင်းတွေ့ခဲ့ရာတွင် ဂါရတ်ဘေးလ်အနေဖြင့် အခြားသော ကစားဖော်များကို မပေးခဲ့ခြင်းကြောင့် ရီးယဲလ်မက်ဒရစ်ပရိသတ်များ၏ ဝေဖန်မှုကို ခံခဲ့ရသည်။

အဆိုပါ ရီးယဲလ်မက်ဒရစ်အသင်းက အက်စ်ပန်ညိုအသင်းအား ၃-၀ ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူး ဂါရတ်ဘေးလ်အနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသည့် ကစားသမား တစ်ဦးဖြစ်သူ စိရိုနယ်လ်ဒိုအား ပေးကစားရန် ပျက်ကွက်ခဲ့ခြင်း အတွက် ရီးယဲလ်မက်ဒရစ်ပရိသတ်များ ဝေဖန်ခဲ့ခြင်းမှာ မှား ယွင်းနေကြောင်း ရီးယဲလ် ကွင်းလယ်ကစားသမား အစ္စကို တုံ့ပြန် ပြောကြား ခဲ့သည်။

ပထမပိုင်း ပွဲကစားချိန် ၁၂ မိနစ်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ရီးယဲလ်မက်ဒရစ် အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီးနောက် တိုက်စစ်မှူး ဂါရတ်ဘေးလ်သည် ပွဲကစားချိန် ၂၈ မိနစ်တွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် အံ့ဩဖွယ်ကောင်းသည့်သွင်းဂိုးတစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ တိုက်စစ်မှူး ဂါရတ်ဘေးလ်အနေဖြင့် စီရိုနယ်လ်ဒိုအား ဘေလုံးမပေးဘဲ လျစ်လျူရှုခဲ့သည်ဟုဆိုကာ ပရိသတ်များက ဝေဖန်ခဲ့သော်လည်း ဂါရတ်ဘေးလ်ကမူ စီရိုနယ်လ်ဒိုအား မမြင်ခဲ့၍သာ ဖြစ်ကြောင်း ကွင်းလယ်ကစားသမား အစ္စကိုက ဂါရတ်ဘေးလ်အား ကာကွယ်ပြောကြားခဲ့သည်။

ချန်ပီယံလီဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့် သီတင်းပတ်က ဗလင်စီယာအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ ၂၂ ပွဲဆက်တိုက်နိုင်ပွဲဆက်စံချိန်တင်ခဲ့မှုကို ရပ်တန့်စေခဲ့သည့်အပြင် မြို့ခံပြိုင်ဘက်ဖြစ်သည့် အက်သလက်တီကိုမက်ဒရစ်အသင်းကိုလည်း စပိန်ကိုပါဒယ်ရေးဖလား ၁၆ သင်းအဆင့်၏ ပထမအကျော့တွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

သို့သော် ယခု အက်စ်ပန်ညိုအသင်းနှင့် ပွဲစဉ်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ ဂါရတ်ဘေးလ်နှင့် နာချိုတို့၏ သွင်းဂိုးများဖြင့် အက်စ်ပန်ညိုအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိလိုက်ခြင်းကြောင့် လာလီဂါပွဲစဉ် (၁၇)အပြီးတွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ရမှတ် ၄၂ မှတ်ရရှိကာ ဒုတိယနေရာမှ ဘာစီလိုနာအသင်းအား လေးမှတ်ဖြတ်လျက် လာလီဂါအမှတ်ပေးဇယားကို ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

(နိုင်လင်းကြည်)

ဒုတိယဦးစားပေးဂိုးသမားအဖြစ် ရွေးချယ်ခံရခြင်းအပေါ် ဗဲလ်ဒက်ပျော်ရွှင်မည်မဟုတ်ဟု ဗန်ဟားလ်ပြော

မန်ယူအသင်းနည်းပြ ဗန်ဟားလ်သည် ဘာစီလိုနာဂိုးသမားဟောင်း ဗဲလ်ဒက်အား စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ပြီးနောက် ဗဲလ်ဒက်သည် လက်ရှိမန်ယူဂိုးသမားဒီဂီယာ၏ နောက်တွင် ဒုတိယဦးစားပေးဂိုးသမားအဖြစ် ရွေးချယ်ခံခဲ့ရခြင်းကြောင့် ပျော်ရွှင်လိမ့်မည်မဟုတ်ကြောင်း မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ထုတ်ဖော်ပြောကြားလိုက်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဂိုးသမားဗဲလ်ဒက်အား မန်ယူအသင်းက တစ်နှစ်ခွဲ စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ခြင်းဖြစ်သည်။ အသက်(၂၄)နှစ်အရွယ်ရှိ ဂိုးသမားဒီဂီယာသည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

"ဘယ်ကစားသမားမဆို ဒုတိယဦးစားပေးအနေနဲ့ ကစားချင်ကြမှာ မဟုတ်ပါဘူး။ ယခုခေါ်လိုက်တဲ့ ဂိုးသမား ဗဲလ်ဒက်ဟာလည်း လက်ရှိဂိုးသမားဒီဂီယာကို ကျော်ဖြတ်ပြီး ပထမဦးစားပေးကစားသမားဖြစ်လာဖို့ရည်ရွယ်ထားတာပါ။ ဒါပေမယ့် ဗဲလ်ဒက်အနေနဲ့ ဒီဂီယာကို ကျော်ဖြတ်နိုင်ဖို့တော့ အလွန်ခက်ခဲမှာပါ"ဟု မန်ယူအသင်းနည်းပြ ဗန်ဟားလ်က ပြောကြားခဲ့သည်။

ဂိုးသမားဗဲလ်ဒက်သည် ဒူးဒဏ်ရာရရှိခဲ့ခြင်းမှ ပြန်လည်သက်သာလာခဲ့ပြီး ချိန်မှစတင်ကာ မန်ယူအသင်းနှင့် အတူ လေ့ကျင့်ရေးဆင်းလျက်ရှိသည်။ ဒီဂီယာ၏ မန်ယူအသင်းနှင့် ၂၀၁၁ ခုနှစ်က ချုပ်ဆိုခဲ့သည့် လက်ရှိစာချုပ်သက်တမ်းသည်လည်း တစ်နှစ်ခွဲခန့်သာကျန်တော့သည်။

သို့ရာတွင် ဂိုးသမားဒီဂီယာအနေဖြင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုသည့်သတင်းများလည်း မကြာသေးသည့် လပိုင်းက ထွက်ပေါ်ခဲ့သည်။ သို့သော် မန်ယူအသင်းနည်းပြ ဗန်ဟားလ်ကမူ ဂိုးသမားဒီဂီယာအား စာချုပ်သက်တမ်းတိုးမည်ဟု ဆိုထားပြီး ဂိုးသမားဒီဂီယာကလည်း ရီးယဲလ်မက်ဒရစ်အသင်း၏ စိတ်ဝင်စားမှုခံထားရသော်လည်း မန်ယူအသင်းနှင့်သာ စာချုပ်သက်တမ်းတိုးမည်ဟု ဆိုသည်။

(နိုင်လင်းကြည်)

■ ■ ■

ကော့သောင်းမြို့၌ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

(၆၈) နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် ဂေါက်သီးရိုက်ပြိုင်ပွဲ အခမ်းအနားကို Main Sponsor ဖြစ်သော International Beverages Trading Co.,Ltd (IBTC) ဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကော့သောင်းမြို့ (၇) မိုင်ဂေါက်ကွင်း၌ ကျင်းပခဲ့ရာ ကော့သောင်း(အခြေချ) စစ်ဗျူဟာမှူးဗိုလ်မှူးကြီးဇော်တင်၊ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစီ၊ IBTC ဖောင်ဒေးရှင်းမန်နေဂျာ ဦးဝင်းနိုင်တို့က ဂေါက်သီးရိုက် ဖွင့်လှစ်ပေးခဲ့ပြီး ကော့သောင်း၊ မြိတ်၊ ထားဝယ်နှင့် ထိုင်းနိုင်ငံ ရနောင်းခရိုင်မှ ဂေါက်သီးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ထားဝယ် တက္ကသိုလ် ဘာသာရပ်ပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကျင်းပ

ထားဝယ်တက္ကသိုလ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီးထားဝယ်မြို့ ရွှေဝယ်သီရိရင်ပြင်၌ ကျင်းပရာ ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဘဟန်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲတွင် အထူးပြုဘာသာရပ် ၁၄ ခုမှ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်က မီတာ ၁၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၅၀၀၊ လက်ဆင့်ကမ်းပြေးပွဲများ၊သံလုံးပစ်ပြိုင်ပွဲ၊ သံပြားပစ်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲနှင့် အလျားခုန်ပြိုင်ပွဲများတွင် တပျော်တပါး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ သုံးနှစ်ဆက်တိုက် တံခွန်စိုက်ဆု ဆွတ်ခူးရရှိသည့် ဓာတုဗေဒအသင်းအား ထားဝယ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဘဟန်က ဆုချီးမြှင့်ခဲ့သည်။

၂၀၁၄ -၂၀၁၅ ပညာသင်နှစ် ပထမနှစ်ဝက် ပညာသင်ကာလတွင် ထားဝယ်တက္ကသိုလ်၌ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်ခရိုင်(မြန်/ဆက်)

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၅၃)နေ ဦးမောင်မောင်လေး-ဒေါ်မြင့်မြင့်ခိုင် (မောင်မောင်လေးနှင့်ညီများ အိမ်ဆောက်ပစ္စည်းနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းမျိုးစုံအရောင်းဆိုင်) မိသားစုမှ ၄-၁-၂၀၁၅ ရက် (လွတ်လပ်ရေးနေ့)တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မစိုးရိမ်တိုက်သစ်တွင် ဆောက်လုပ်ပြီးသော ဓမ္မမုဒိတာရောင်ခြည် နှစ်ထပ်ကျောင်းဆောင်သစ်အား နိုင်ငံတော်သံဃမဟာနာယကပါဝင်သော ဆရာတော်ကြီးများနှင့် သာသနာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့ကိုအမျှားပြု၍ သာသနာရေးဝန်ထမ်းအကြီးအကဲများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် ကျောင်းလွှတ်ပူဇော ရေစက်ချလျှဒါန်းပွဲကြီးကို ခမ်းနားစွာ ပြုလုပ်လျှဒါန်းသည်ကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်သာခုခေါ်ဆိုပါကြောင်း၊ ဆက်လက်ပြီး အမျိုးဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါ စေကြောင်း၊ အလျှုရေစက် လက်နှင့်မကွာ လျှုဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးတင်လတ် Sein Diamond Paint Co.,Ltd
ဦးသိန်းလွင် ဒို့မိတ်ဆွေ Mobile Mart
ဦးမြင့်စိန် ဗန္ဓုလကားပစ္စည်းရောင်းဝယ်ရေး









အဝေးပြေးခရီးသည်တင်မော်တော်ယာဉ် တိမ်းမှောက်

တနင်္သာရီ၊ ဇန်နဝါရီ ၁၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ မြိတ်မြို့သို့ ထွက်ခွာလာသော အောင်စည်မင်းခရီးသည်တင် မော်တော်ယာဉ်လိုင်းသည် ဇန်နဝါရီ ၉ရက်နံနက် ၇နာရီတွင် တနင်္သာရီမြို့နယ်-ချောင်းနောက်ပြန်ရွာနှင့် ပွိုင့် ၁၀၂၀ တောင်အကြားမိုင်တိုင်အမှတ်(၈၅)နှင့်(၈၆)အကြား၌ မော်တော်ယာဉ်ဂီယာချွတ်ယွင်း၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါခရီးသည်တင်ယာဉ်အား ယာဉ်မောင်းနောင်နောင်မောင်းနှင်လာပြီး ဂီယာချွတ်ယွင်းမှုကြောင့် တိမ်းမှောက်မှုဖြစ်ကာ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်ပါလာသောကျား ၂၇ ဦး၊ မ ၂၀ စုစုပေါင်း ၄၇ ဦးတွင် မော်လမြိုင်မြို့နေကိုဇော်ဝင်းနိုင် အသက်(၃၅)နှစ် မှာသေဆုံးခဲ့ပြီးကျား ၁၈ ဦး၊မ ၂၁ ဦး စုစုပေါင်း ၃၉ ဦးမှာ ကျိုးပဲ့ပွန်းပဲ့ဒဏ်ရာရရှိခဲ့သဖြင့် တနင်္သာရီမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းသိရသည်။

ယင်းသို့ တိမ်းမှောက်မှုကြောင့် ပြင်းထန်သဒ္ဓာရာရခဲ့သည့် ကျားသုံးဦးနှင့် မ ခုနစ်ဦး စုစုပေါင်း ၁၀ ဦးတို့အား မြိတ်မြို့ပြည်သူ့ဆေးရုံကြီးသို့ ချက်ခြင်းလွှဲပြောင်းကုသရမည်ဖြစ်သဖြင့် တနင်္သာရီမြို့နယ်အုပ်ချုပ်ရေးမှူးက ပို့ဆောင်ပေးခဲ့သည်။

ဆက်လက်၍ ပွန်းပဲ့ဒဏ်ရာရရှိပြီး နေရပ်များသို့ ပြန်လိုသည့်လူနာ ၂၀ ကို လည်း မြို့နယ်အုပ်ချုပ်ရေးမှူးက ခရီးသည်များသွားလိုရာ ဒေသသို့ရောက်ရှိနိုင်ရန်စီစဉ်ဆက်သွယ်ဆောင်ရွက်ပေးပြီး ခရီးသည်များကိုလည်း တစ်ဦးလျှင် ငွေကျပ်၁၀၀၀၀ နှုန်းဖြင့် လမ်းစရိတ်အဖြစ်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထင်းယာဉ်တိမ်းမှောက်မှုဖြင့် တနင်္သာရီမြို့နယ်ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ်ဆေးကုသမှုခံယူရန် ကျန်ရှိသူခြောက်ဦးကိုလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသန်းမြင့်က တစ်ဦးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့်ကူညီထောက်ပံ့ပေးခဲ့ကြောင်းနှင့် မြို့နယ်မိခင်နှင့်ကလေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များကလည်း အစားအသောက်များ ထောက်ပံ့လျှဒါန်းခဲ့ကြကြောင်းသိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုတွင် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းနောင်နောင်မှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် တနင်္သာရီရဲစခန်းမှ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းအမှုအား တနင်္သာရီမြို့မရဲစခန်းမှ ပြစ်မှုအမှတ် ယာဉ်(ပ) ၁/၂၀၁၅ပုဒ်မ-၃၃၇/၃၃၈/၃၀၄-က ဖြင့်အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိန်ဝင်း(ပြန်ဆက်)

မကွေးမြို့နယ်တွင် ပုပ်ပွလူသေအလောင်းတစ်လောင်းတွေ့ရှိ

မကွေး ဇန်နဝါရီ ၁၁

မကွေးမြို့နယ် မကြီးကန်ရွာ၏ အရှေ့တောင်ဘက်တွင် ဇန်နဝါရီ ၁၀ ရက်ညနေ ၅ နာရီက လူသေအလောင်း တစ်လောင်းတွေ့ရှိကြောင်း သတင်းအရမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဌေးဦး၊ မကွေးမြို့နယ် တရားသူကြီး ဒေါ်ခင်နှင်းရီ၊ မှုခင်းတပ်ဖွဲ့မှ ရဲအုပ်နိုင်စိုး၊ မကွေးနယ်မြေ ရဲစခန်းမှူး ရဲအုပ်မင်းညိုနှင့် တပ်ဖွဲ့ဝင်များသည် အလောင်းတွေ့ရှိရာ နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။

အလောင်းမှာပုပ်ပွနေပြီး ခွေးအပေါ်သောနေရာ ဖြစ်၍ ခြေ လက်များမှာ ခွေးဆွဲထားသောလက္ခဏာသာ တွေ့ရှိရကာ ကျန်ပြင်ပဒဏ်ရာမတွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူ၏ အနီးရှိမီးခိုးရောင် ကချင်လွယ်အိတ်အတွင်းမှ ဦးဝင်းမြင့်အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအားတွေ့ရှိခဲ့သဖြင့် အောင်လံမြို့မရဲစခန်းသို့ ဆက်သွယ်စုံစမ်းခဲ့ရာ သေဆုံးသူမှာ ဦးဝင်းမြင့်အသက်(၄၈)နှစ်၊ (၃)လမ်း၊ တရော်ကုန်းကွက်သစ် အောင်လံမြို့နေသူ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သေဆုံးသူ၏အစ်ကိုအရင်းဖြစ်သူ ဦးစိန်ဝင်း၏ ဖုန်းဆက်ပြောကြားချက်အရ ဦးဝင်းမြင့်သည် ခြေသလုံးအိမ်တိုင်သမားဖြစ်ပြီး အရက်အလွန်အကျွံသောက်သူဖြစ်ကြောင်း စုံစမ်းသိရှိခဲ့ကြောင်း၊ အဆိုပါ အမျိုးသားသေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သိရှိနိုင်ရန်အတွက် မကွေးမြို့နယ်၊ မကွေးနယ်မြေရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၃/၂၀၁၅ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ကျော်ဝေယျ

မူဆယ်မြို့နယ်တွင် တရားမဝင်သစ်များနှင့် သားရိုင်းတိရစ္ဆာန် ပစ္စည်းများ သိမ်းဆည်းရမိ

မူဆယ် ဇန်နဝါရီ ၁၁

မူဆယ်မြို့ စွမ်စော်ရပ်ကွက် (၆-၇)လမ်းကြား လမ်းသွယ် (၅)နေ ဦးဟုန်ကြိုင်မုန်၏ နေအိမ်ခြံဝင်းအတွင်း၌ သတင်းအရဝင်ရောက်ရှာဖွေရာ ဂိုဒေါင်အတွင်းမှ တရားမဝင်သစ်များနှင့် သစ်တောထွက် သားရိုင်းတိရစ္ဆာန်ပစ္စည်းများ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိကြောင်း သိရသည်။

ဇန်နဝါရီ ၁၀ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၊ မြို့မရဲစခန်းမှူး (မူဆယ်) စခန်းမှူး မြစိန်ဦးစီးအဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်သိန်းထွန်းမြင့် ဦးစီးအဖွဲ့၊ ပြည်နယ်လုံခြုံရေးတပ်ခွဲမှ ရဲအုပ် သန်းဇော်ဝင်း ဦးစီးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်ထွယ်ဦးစီးအဖွဲ့၊ မြို့နယ်သစ်တောဦးစီးမှူး ဦးဟန်မင်းနောင် ဦးစီးအဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်မှ ရဲအုပ်စိုးအောင် ဦးစီးအဖွဲ့တို့သည် သက်သေ စွမ်စော်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုင်းကာခမ်း ဦးစီးအဖွဲ့တို့နှင့်အတူ မူဆယ်မြို့ စွမ်စော်ရပ်ကွက် (၆-၇)လမ်းကြား လမ်းသွယ် (၅) ရဲစခန်းအနောက်တောင်ဘက် နှစ်မိုင်ခန့် LG နေ ဦးဟုန်ကြိုင်မုန် အသက်(၅၃)နှစ် ကိုးကန့်/ဗုဒ္ဓ အရောင်းအဝယ်လုပ်ကိုင်နေသူ နေအိမ်ခြံဝင်းအတွင်းသို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ထင်းနေအိမ်ခြံဝင်းအတွင်းရှိ ဂိုဒေါင်အတွင်းမှ တမလန်းသစ်ဆိုက်စုံ ရှစ်တုံး (၁ ဒသမ ၂၆၅၄) တန်ခန့်၊ ပိတောက်သစ်ခွဲခြမ်း လေးခြမ်း (သုညဒသမ ၅၁၂၆) တန်ခန့်၊ ဆင်စွယ်ဆိုက်စုံ ငါးချောင်း (၂၇ ဒသမ ၅ ကီလိုဂရမ်)ခန့်၊ ကြံ့ချိုဟုယူဆရသော ဦးချို တစ်ချောင်းနှင့်အပိုင်းအစ ငါးခု (သုညဒသမ ၃ ကီလိုဂရမ်)ခန့်၊ ကျားသရေဟုယူဆရသော(၅ ×၃ ဒသမ ၅) ပေ ခန့် တစ်ချပ်၊ ကျားသစ်သားရေဟုယူဆရသော (၇ ×၂) ပေ ခန့် နှစ်ချပ်၊ (၅ ဒသမ ၅ × ၁ ဒသမ ၈) ပေ ခန့် တစ်ချပ် စုစုပေါင်းလေးချပ်အား တွေ့ရှိခဲ့သည်။

ထို့ပြင် သင်းခွေချပ်အကြေးခွံဟု ယူဆရသော အကြေးခွံ (၈ ဒသမ ၅ ကီလိုဂရမ်)ခန့်၊ တိရစ္ဆာန်သည်းချေအခြောက်မျိုးစုံဟုယူဆရသော ပစ္စည်းသုံးကီလိုဂရမ်ခန့်၊ ဆပ်ချိုဟုယူဆရသော ဦးချိုနှစ်ချောင်း (သုညဒသမ ၄ ကီလိုဂရမ်)ခန့်၊ တောင်ဆိပ်ချိုဟု ယူဆရသော အရှည် ၁၅ လက်မခန့်ရှိ ဦးချိုတစ်ချောင်း၊ တိရစ္ဆာန်အစွယ်စုံ ၂၆ ခု (သုညဒသမ ၇ ကီလိုဂရမ်)ခန့်၊ တိရစ္ဆာန်အရိုးအခြောက်မျိုးစုံ (၁၁၂ ကီလိုဂရမ်)ခန့်တို့ကိုတွေ့ရှိရာ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူဆယ်မြို့မရဲစခန်းက တရားမဝင်သစ်များနှင့် သစ်တောထွက်သားရိုင်းတိရစ္ဆာန် ပစ္စည်းများအား ဖမ်းဆီးရရှိမှုနှင့် တရားမဝင်ပစ္စည်းများ လက်ဝယ်ထားရှိသူ ဦးဟုန်ကြိုင်မုန် စွမ်စော်ရပ်ကွက်နေသူအား (ပ)၃၁၊ ပပက ၆(၁) ပြစ်မှုပုဒ်မအရ ဒုရဲအုပ်ကျော်ဟန်ရွှေကလည်းကောင်း၊ (ပ)၃၃၊ တောရိုင်းအက် ၃၇(က) ပြစ်မှုပုဒ်မအရ ဒုရဲအုပ်ရဲဝင်းထွန့်ကလည်းကောင်းတရားလိုပြုလုပ်၍ ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

သိန်းဇော် (ရွှေလီဦး)

"မြတ်ဆုမွန်တောင်းဂုဏ်ပြုအပ်ပါသည်"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် "သီရိသုဓမ္မမဏိဇောတဓရ(လူမှုထူးချွန်ဒုတိယဆင့်) ဦးကိုကိုအေး"(အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်)အား ၂၀၁၅ ခုနှစ်၊ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အချိန်အခါသမယတွင် "အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရ"ဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်။

နန်ယန်ကျောင်းမှ သူငယ်ချင်းများ

ခင်ဆွေမြင့်၊ မြင့်မြင့်ခိုင်၊ သိဏ္ဍီမျိုးမြင့်၊ မော်မော်လွင်၊ ကေသီဦး၊ လှမြတ်ဇော်၊ စိုးစိုးအေး၊ သင်းသင်းဝေ

ရှေဘို – မြစ်ကြီးနား ကားလမ်း ကတ္တရာလမ်းသား တိုးချဲ့

မော်လူး၊ ဇန်နဝါရီ ၁၁

ရှေဘို - မြစ်ကြီးနား မော်တော်ကားလမ်းမကြီး ဖြတ်သန်းသွားရာ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မံဟဲကျေးရွာအုပ်စု၊ နန့်စီးအောင်-ပေကုန်းကျေးရွာတွင် လမ်းမကြီးအား ကတ္တရာလမ်းသား တိုးချဲ့ခြင်းနှင့် လမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၉ ရက်က လမ်းအထူးအဖွဲ့(၂)မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်း လမ်းအထူးအဖွဲ့(၂)မှ SAE ဦးမြင့်သန်းအောင် ဦးစီးပြီး လမ်းအဖွဲ့ခေါင်းဆောင် ဦးကျင်တိတ်မှ တာဝန်ယူကာ လုပ်သားအင်အား ၆၀ ဖြင့် လမ်းအကျယ် ၂၄ ပေ၊ အရှည် ၂ ဖာလုံ ကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးခဲ့ပြီး၊ နန့်စီးအောင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းရှေ့ရှိ ပျက်စီးနေသော ကတ္တရာလမ်းအား အမြင့် ၈ လက်မထု၊ အရှည် ၄ ဖာလုံ အထိ အောက်ခံကျောက် ၂×၄၊ အပေါ်ပိုင်း ၁×၂ ကျောက်များဖြင့် ထိန်းသိမ်းရေးအဖြစ် နေ့စဉ် နံနက် ၇ နာရီမှ ၁၁ နာရီခွဲ အထိနှင့် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီ အထိ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကြေးမုံ

ဖိုးညှင်းမြို့နယ်၌ GSM ဖုန်းတာဝါတိုင် စိုက်ထူ

ဖိုးညှင်း၊ ဇန်နဝါရီ ၁၁

ကချင်ပြည်နယ် ဖိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု၊ မြိုင်သာယာကျေးရွာတွင် အောင်မြင့်ကြိုင် ကုမ္ပဏီမှ တာဝန်ယူကာ GSM ဖုန်းတာဝါတိုင်ကို ဇန်နဝါရီ ၁၀ ရက်မှ စတင်စိုက်ထူခဲ့သည်။

အဆိုပါစိုက်ထူသည့် ဖုန်းတာဝါတိုင်မှာ ဖောင်ဒေးရှင်းအပါအဝင် အမြင့် ၇၀ မီတာ ၂၂၀ ပေခန့်၊ အကျယ် ၁၅ မီတာ ပတ်လည် ၄၅ ပေခန့်၊ မြေကြီးအတွင်းသို့ အနက် ၁၀ ပေခန့်ရှိ မည်ဖြစ်ကြောင်း၊ ဖုန်းတာဝါတိုင် စိုက်ထူခြင်းကို အောင်မြင့်ကြိုင် ကုမ္ပဏီမှ တာဝန်ယူကာ လုပ်သားအင်အား ၂၀ ဦးခန့်ဖြင့် ဇန်နဝါရီ ၁၀ ရက်မှ စတင်ပြီး ရက်ပေါင်း ၂၀ အတွင်း အပြီးသတ်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဆွေ

စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာရထားဆွဲပွဲတော် ကျင်းပမည်

စစ်တွေ၊ ဇန်နဝါရီ ၁၁

သတ္တမအကြိမ်မြောက် ရခိုင်ရိုးရာရထားဆွဲပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ စစ်တွေမြို့ ဘောင်းဒွတ်သားစုရပ်ကွက် ရထားဆွဲပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ ဦးဆောင်၍ ဝက်ဘာကွင်းတွင် ရိုးရာအစဉ်အလာမပျက် စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ရိုးရာရထားဆွဲပွဲကျင်းပမည့် ရထားကို သစ်သားဘောင်များဖြင့် ခိုင်ခံ့အောင်ပြုလုပ်ရပြီး အောက်ဘက်တွင် ဘီးတပ်ထားရကြောင်း၊ အလယ်တွင် ဝါးပင်များ စိုက်ထားလေ့ရှိကြောင်းသိရသည်။

အဆိုပါ ရခိုင်ရိုးရာရထားအားတစ်ရပ်ကွက်နှင့် တစ်ရပ်ကွက်၊ ကျေးရွာ တစ်ရွာနှင့် တစ်ရွာ ကြိုးဖြင့် အပြိုင်ဆွဲရသည့် အားပြိုင်ရသောပွဲဖြစ်သကဲ့သို့ ဟော်ရွှင်ကြည်နူးစဖွယ် သံချပ်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလေ့ရှိကြောင်း သိရသည်။

ရထားဆွဲပွဲကို ရခိုင်တိုင်းရင်းသားများ၏ သီးသန့် ရိုးရာပွဲတော်တစ်ခုအဖြစ် နှစ်စဉ်တပို့တွဲလမ္ပသာ ကျင်းပကြပြီး ရထားဆွဲပွဲ ကျင်းပခြင်းဖြင့် ရာသီဥတုကောင်းမွန်မှန်ကန်ပြီး တောင်သူလယ်သမားတို့ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံ ဆန်ရေစပါးတို့ ဖွံ့ထွားအောင်မြင်နိုင်စေကာ သီးနှံများ အထွက်တိုးနိုင်စေသည်ဟု ယုံကြည်မှုဖြင့် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရနိုင်ပြည်နယ် ပြန်/ဆက်

ချောင်းဦး အမြင့်လမ်းကတ္တရာခင်းခြင်းနှင့် စာသင်ကျောင်းဆောက်လုပ်

ချောင်းဦး၊ ဇန်နဝါရီ ၁၁

ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းသည် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့မိမြို့ဖအဖွဲ့ဝင် ဦးစန်းဝေနှင့် မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်လင်းမောင် တို့နှင့် အတူ ဇန်နဝါရီ ၈ ရက် နံနက် ၁၁ နာရီတွင် ချောင်းဦးတောင်ရပ်ကွက်ရှိ ချောင်းဦး အမြင့်လမ်း ၇ ဒသမ ၅ မိုင်အား Tech Friend Co,Ltd မှ အရှည် နှစ်မိုင် လမ်းခင်းနေမှုနှင့် လမ်းလွဲဖောက်လုပ်ထားရှိမှု လမ်းအကျယ် ၁၂ ပေ ကတ္တရာခင်းနေမှု၊ လမ်းပုခုံး တစ်ဖက် သုံးပေစီ ထားရှိမှုတို့ကို စစ်ဆေးကြည့်ရှုခဲ့ကြပြီး စံချိန်စံညွှန်း ပြည့်မီရေး ကြီးကြပ်စစ်ဆေးခဲ့သည်။

ထို့နောက် အရှေ့မအုပ်ရပ်ကွက်တွင် ဆောက်လုပ်ဆဲ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း တည်ဆောက်နေမှုနှင့် ပြီးစီးမှုတို့ကို စစ်ဆေးကြည့်ရှုခဲ့ပြီး မြို့မရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးနေမှု၊ ကျောင်းခြံစည်းရိုးကာရံပေးရန်လိုအပ်မှု၊ လက်ရှိကပ်ကာ တစ်ထပ်ကျောင်းဆောင်အား နံကပ်ကျောင်းဆောင်အဆင့် တိုးမြှင့်ပေးရန်နှင့် ပင်မဆောင်မျက်နှာကျက် တပ်ဆင်ရန်တို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အိအိမိုး

ဆန်စက်ပိုင်ရှင်များ လုပ်ငန်းလိုင်စင်သက်တမ်း တိုးမြင့်ခြင်းဆောင်ရွက်

မော်လူး၊ ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ လေးရွာတွင် ဆန်စက်ပိုင်ရှင်များအား အင်းတော်မြို့ စီးပွားကူးသန်းကုန်သွယ်မြှင့်တင်မှု ဦးစီးဌာနမှ ဇန်နဝါရီ ၅ ရက်က လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဎင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ဆောင်ရွက်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ စီးပွားကူးသန်းကုန်သွယ်မြှင့်တင်မှု ဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကြည်နိုင်ဦး၊ အကူ ဦးမျိုးနိုင်တို့သည် ဆန်စက်ပိုင်ရှင်များအား SME အသေးစား စက်မှုလက်မှု လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးခြင်းကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ အဖွဲ့မှ ဆန်စက် ၁၂ လုံးကို လုပ်ငန်းလိုင်စင်သက်တမ်းတိုးဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်းကို တစ်နှစ်တစ်ကြိမ် ဆောင်ရွက်ပေးကြောင်း သိရသည်။

ဖေရှ

yd[rdwD;GJ,ab;tE&Å, fumuG,f&;twGif;DEGJowf[if;vufwl;ab

ပဲခူး၊ ဇန်နဝါရီ ၁၁

ပဲခူးမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအေးမြင့် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဘုရားကြီးမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းသော အဖွဲ့သည် ဇန်နဝါရီ ၉ ရက် နံနက်၉ နာရီတွင် ပဲခူးမြို့နယ် ဘောနတ်ကြီးကျေးရွာအနီးရှိ အမှတ် (၉၀၁) အမြောက်စစ်ဆင်ရေးကွတ်ကဲမှုဌာနချုပ်နှင့်လက်အောက်ခံ အမြောက်တပ်ရင်းများဖြစ်သော အမှတ်(၂၀၅) အမြောက်တပ်ရင်း၊ အမှတ်(၃၄၀)အမြောက်တပ်ရင်း၊အမှတ်(၄၀၅)အမြောက်တပ်ရင်းတို့မှအရာရှိ၊ စစ်သည်၊ ရဲမေများအားမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြသ၍မီးလောင်မှုဖြစ်ပေါ်လာပါက လက်တွေ့မီးငြိမ်းသတ်ခြင်း အဆင့်ဆင့်တို့မှ မီးခိုတ်၊ မီးကပ်များဖြင့် မီးငြိမ်းခြင်း၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးသတ်ကားဖြင့် မီးငြိမ်းသတ်ခြင်းစသည်တို့ကို လက်တွေ့လေ့ကျင့် သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သီဟရာစော(ဘုရားကြီး)

ကန့်ကွက်နိုင်ကြောင်း ကြေငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ် (၅၅)၊ မြေကွက်တည်နေရာအမှတ်(၅၅)၊ ကောလိယ(၂၄) လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ငယ် အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား အမည်ပေါက် ဒေါ်ငယ်ပိုင် ဧရိယာ(၄၀×၆၀) ထဲမှ မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း ပေ(၂၀×၆၀)ကို အရပ်ကတိစာချုပ်ဖြင့်ဝယ်သူ ဦးဌေးမောင်မှ တရားလိုပြု၍ အမည်ပေါက် ဒေါ်ငယ်၊ ဒေါ်သန်းသန်းဌေးနှင့် ဒေါ်လွင်လွင်မြင့်တို့ကို တရားပြိုင်ထားကာ စုံဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၁၁၅/၂၀၁၄) တရားဇရာရိမှုအမှတ် (၉၆/၂၀၁၄)၏ အမိန့်နှင့် ၇-၁၁-၂၀၁၄ ရက်စွဲပါ ဘီလစ်ခန့်စာတို့ကိုတင်ပြပြီး အမည်ပေါက် တရားရှုံးနှင့် တရားပြိုင်တို့(ကိုယ်စား) ဘီလစ်နန့်ဆန်းသိန်း၁၂/မရက(နိုင်)၀၄၇၆၁၆၂က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြောင်းကြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၃၄၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၄၈/ခ)၊ ကောလိယ (၃၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်မြကြည်) ဒေါ်တင်ကြည်)အမည်ပေါက် နှစ်(၆၀)ဝရန်မြေအား အမည်ပေါက် ဒေါ်မြ ကြည်၊ ဒေါ်တင်ကြည်တို့ကို တရားပြိုင်ထား၍ ဒေါ်နန်းမြမှ တောင်ဥက္ကလာပမြို့နယ်တရားရုံးတွင် တရားလိုပြု၍ခွဲဆိုသော တရားမကြီးမှုအမှတ် (၃၅/၁၄)၏ စီရင်ချက်နှင့် ဇာရိမှုအမှတ်(၂၉/၁၄)၏အမိန့် ၁၉-၅-၂၀၁၄ ရက်စွဲပါ ဘီလစ်ခန့်စာတို့ကို တင်ပြပြီး တရားရုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း၁၂/မရက(နိုင်)၁၄ ၇၆၁၆၂က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြောင်းကြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆောင်းပါး

ဘက်စုံဖွံ့ဖြိုးအလုပ်ကိုးလာကြသူများ

à pefvkd)D

တစ်နေ့ရုံးမသွားမီအချိန်ရသေးသည့်နှင့်မြေးလေးကို ဗဟန်းမြို့နယ် ဝက်ပါလမ်းအတွင်းရှိ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYANMAR WOMEN'S DEVELOPMENT ASSOCIATION) ဝင်းအတွင်းဖွင့်လှစ်ထားသည့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းသို့ လိုက်ပို့ခဲ့ရာမှ မမျှော်လင့်သောမြင်ကွင်းတစ်ခုကြောင့် စာရေးသူအံ့သြငေးမောနေမိခဲ့သည်။ မူလတန်းကြိုကျောင်းနောက်ဘက်ရှိ အဆောင်တစ်ခုမှ ယဉ်ကျေးသိမ်မွေ့သောဝတ် စားဆင်ယင်မှု၊ ညင်သာသော စကားပြောဆိုသံများနှင့် လျှောက်လှမ်းလာနေသော မိန်းမပျိုလေးများကို တွေ့လိုက်ရခြင်းပင်ဖြစ်သည်။ ဤမိန်းကလေးတို့သည် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ကျွေးမွေးစောင့်ရှောက်ကာ ကြီးပြင်းလာခဲ့ရသော ကျောင်းသူလေးများဖြစ်ကြောင်းကိုလည်း အသင်း၏ အတွင်းရေးမှူးဖြစ်သူ ဒေါ်ယဉ်ကြည်၏ ပြောပြချက်အရသိရှိခဲ့ရသည့်အပြင် ဤအသင်းကြီးစတင်ပေါ်ပေါက်လာပုံကိုလည်း သိရှိလို၍ အတွင်းရေးမှူး ဒေါ်ယဉ်ကြည်ကို မေးမြန်းခဲ့ရာ ဤသို့သိရှိခဲ့ရပါသည်။

မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းကို ၁၉၄၇ခုနှစ် စက်တင်ဘာလမှစ၍ ဝဏ္ဏကျော်ထင်ဒေါ်ခင်လှက မြန်မာပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်မည့် မြန်မာအမျိုးသမီးများပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ဤအသင်းကြီးကို စတင်ပျိုးထောင်ခဲ့ကြောင်း၊ ထို အချိန်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် စောင့်ရှောက်ရန် လိုအပ်သော အမျိုးသမီးငယ်လေးများကို စောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီလတွင် ယခုအသင်းကြီး တည်ရှိရာ အမှတ် ၁၇ ဝက်ပါလမ်း ဗဟန်းမြို့နယ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မျက်နှာချင်းဆိုင် တောင်ကုန်းလေး ပေါ်တွင် "ဗမာပြည်အမျိုးသမီးများ ကယ်တင်ရေးအဖွဲ့ချုပ် (ဗမာနိုင်ငံ)"အမည်ဖြင့် ဖွင့်လှစ်ကာ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလတွင် "အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးအဖွဲ့" အမည်သို့ ပြောင်းလဲခဲ့ကြောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရကထောက်ပံ့ကြေးငွေ၊ ဆန်နှင့် ဂေဟာမျှားလစာငွေများ ထောက်ပံ့ပေးခဲ့ကြောင်းတို့ကို သိရှိခဲ့ရသည်။

မြန်မာအမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကြီး၏ အဆက်ဆက်သောအမှုဆောင်များက စည်းမျဉ်း စည်းကမ်းများကို ခေတ်နှင့်အညီ စနစ်တကျရေးဆွဲပြုလုပ်ကာ စေတနာဝန်ထမ်း လူမှုရေးဝါသနာပါသူများ ဦးဆောင်၍ "ပရဟိတအသင်း"တစ်ခုအဖြစ် ဆောင်ရွက်လာခဲ့ပြီး တိုးတက်ပြောင်းလဲလာသော မြန်မာနိုင်ငံ၏ ခေတ်ကာလ အခြေအနေတို့နှင့် လိုက်လျောညီထွေဖြစ်စေရန် "ရွှေရတုကာလ"တွင် အသင်း၏အမည်ကို "မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း"ဟု ပြောင်းလဲခဲ့သည်မှာ ယနေ့အထိပင်ဖြစ်တော့သည်။

မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီးသည် နိုင်ငံတော်အကြီးအကဲများ၏ အားပေးမှု၊ စေတနာ ရှင် မိဘပြည်သူများ၏ ပံ့ပိုးကူညီမှု၊ အဆက်ဆက်သောအမှုဆောင်များ၏ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် လူမှုဝန်ထမ်းဝန်ကြီးဌာနမှ "ပရဟိတ တတိယအဆင့်"အနေဖြင့် ထောက်ပံ့မှုများရရှိနေသော်လည်း "အများစုအနေဖြင့် ကိုယ့်အားကိုယ်ကိုးကာ တာဝန်ယူဆောင်ရွက်နေသော ပရဟိတအသင်းကြီးတစ်ခု"ဆိုက မှားမည်မဟုတ်ပေ။ အသင်းကြီး၏ အဓိကဝင်ငွေရှာဖွေမှုအနေဖြင့် အထည်ချုပ်လုပ်ငန်းနှင့် မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများ၏ ကျောင်းလခများပင်ဖြစ်သည်။ အသင်းမှရရှိသော ဝင်ငွေများနှင့် အောက်ပါကလေးငယ်များကို ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်-

(က) အသက် (၅) နှစ်ပြည့်ပြီးသူများ (ထူးခြားသော အခြေအနေရှိပါက အမှုဆောင်အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်ဖြင့် လက်ခံနိုင်သည်။)

(ခ) မိဘဆွေမျိုးများ၊ အုပ်ထိန်းသူကင်းမဲ့ပြီး ခိုကိုးရာမဲ့နှင့်ဆင်းရဲနွမ်းပါးသူများ။

(ဂ) လူမှုရေးချို့တဲ့မှုကြောင့် လာရောက်အပ်နှံသူများ။

(ဃ) စိတ်ရောဂါစွဲကပ်ခြင်းမရှိသူများ။

(င) ကူးစက်တတ်သော ရောဂါစွဲကပ်ခြင်း မရှိသူများကို စိစစ်လက်ခံခြင်း။

မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတွင် ယနေ့အထိ တိုင်းရင်းသူလူမျိုးပေါင်းစုံပါဝင်သော အမျိုးသမီးငယ် ၈၀ ကျော်ကိုပြုစုပျိုးထောင်ပေးခဲ့ရာမှ ယနေ့အထိ ဘွဲ့ရရှိသူ ၂၀၊ တက္ကသိုလ်ပညာဆည်းပူးဆဲ လေးဦး၊ အခြေခံပညာ အထက်တန်းသင်ကြားနေသူ ၁၀ ဦး၊ အခြေခံပညာ အလယ်တန်းသင်ကြားနေသူ ၁၇ ဦးနှင့်မူလတန်းပညာသင်ကြားနေသူ ၂၄ဦးတို့ကို ပညာသင်ကြားပေးလျက်ရှိပြီး အမျိုးသမီးငယ်လေးများကိုလည်းက သက်မွေးဝမ်းကျောင်း ပညာအဖြစ် ဝတ်စုံ၊ ခေါင်းအုံး၊ မွေ့ရာများ ချုပ်လုပ်ခြင်းအတတ်ပညာများကိုပါ သင်ကြားပေး လျက်ရှိသည့်အပြင် အသင်းကြီးမှ ဖွင့်လှစ်ထားသောမူလတန်းကြိုကျောင်းတွင်လည်း ရင်သွေးငယ် ၁၅၀ကျော်ရှိရာ အဆိုပါ ရင်သွေးငယ်လေးများကိုလည်းအသင်းနေသမီးများ ထဲမှ ဆရာမများ ခန့်ထားကာတာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အသင်းနေသမီးငယ်များ၏ ကျန်းမာရေးအတွက်လည်း အသင်းသားဆရာဝန်တစ်ဦးက လစဉ်လာရောက် စိစစ်ကုသပေးခြင်း၊ ဇီဝိတသံယာ့ဆေးရုံနှင့် အမျိုးသမီးဆေးရုံတို့တွင် ဆေးကုသပေးခြင်းများကိုဆောင်ရွက်ပေးလျက် ရှိပါသည်။

အသင်းနေအမျိုးသမီးငယ်လေးများ၏ စာရိတ္တကောင်းမွန်ရေးအတွက်လည်း နေ့စဉ်သွန်သင်ဆုံးမခြင်း၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း၊ ဝတ်အသင်းများ ဖွဲ့စည်းပေးခြင်းနှင့် အမှုဆောင်များမှ နေ့ကြီးရက်ကြီးများတွင် ဟောပြောပွဲများ၊ ဝတ်ရွက်ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းဖြင့် လိမ္မာယဉ်ကျေးပြီး အသိဉာဏ်ပညာ ကြွယ်ဝစေရန် မျက်ခြည်မပြတ်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း သိရှိခဲ့ရသည်။

အချုပ်အားဖြင့်ဆိုရသော် ဗဟန်းမြို့နယ် ဝက်ပါမူလတန်းကြိုကျောင်းလေးသို့ မြေးလေးကိုလိုက်ပို့ခဲ့ရာမှ စာရေးသူ မသိရှိရသေးသည့် "မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အသင်းကြီး" စတင်ပေါ်ပေါက်ခဲ့ပုံများ၊ လက်ရှိအသင်းကြီး၏ လူမှုရေး၊ ဘာသာရေး၊ ပညာရေး ဆောင်ရွက်ပေးနေမှုများကို လေ့လာသိရှိခဲ့ရသည့်အပြင် ဤအသင်းတွင် အကြောင်းအမျိုးမျိုးကြောင့် စောင့်ရှောက်ရန်လိုအပ်နေသော အမျိုးသမီးငယ်လေးများကို "လက်တွဲကူညီ ဘဝသစ်တည်ကာ ဘက်စုံဖွံ့ဖြိုးအလုတိုး" လာကြစေရေး စေတနာရှင် ပြည်သူ့အပေါင်းမှ ဝိုင်းဝန်းကူညီကာ မေတ္တာထားကြစေလိုကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပါတော့သည်။ ။

ရွှေဘုံခရိုင် ရေဦးမြို့နယ်တွင် အာရှအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ရေဦး၊ ဧန်နဝါရီ ၁၁

ကျေးလက်နေပြည်သူများစာပေဗဟုသုတတိုးပွား ရရှိစေရန် မိမိမွေးရပ်ဇာတိမြေကိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ချက်ဖြင့်ဆောက်လုပ်လျှဒါန်းသော အာရှအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၈ နာရီကရွှေဘုံခရိုင် ရေဦးမြို့နယ် ထန်းတောကျေးရွာစာကြည့်တိုက်အဆောက်အအုံရှေ့တွင်ကျင်းပခဲ့သည်။

စာကြည့်တိုက်ကိုတိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းနှင့် ဦးစိုးတင့်အောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်၊ အလှူရှင်ဦးမြင့်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးဖိုးဌေးတို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင်တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးစိုးတင့်အောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးဝင်းကစာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ အလှူရှင်ဦးမြင့်ဦးက စာကြည့်တိုက်လျှဒါန်းရခြင်းရည်ရွယ်ချက်ကိုပြောကြားပြီး ကျေးရွာပြည်သူများကိုယ်စား ဦးတင့်လှိုင်ကကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်ပြီး စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို လွတ်တော်ကိုယ်စားလှယ်ဦးညိုဝင်း၊ ဦးမျိုးချစ်မြို့နယ် ပြန်/ဆက်ဦးစီးမှူးဒေါ်အေးမြင့်စန်းတို့က စာအုပ်စာစောင်များကိုလျှဒါန်းပေးအပ်ရာအလှူရှင်မိသားစုတို့ကလက်ခံရယူခဲ့သည်။

အဆိုပါအာရှအလင်းရောင်စာကြည့်တိုက်အကျယ်မှာ ၂၇ပေ×၁၆ပေအမြင့်၁၂ပေရှိ သွပ်မိုးအုတ်ကာအဆောက်အအုံဖြစ်ပြီးမန္တလေးမြို့နေဦးမြင့်ဦး-ဒေါ်နှင်းရီဝင်းမိသားစုတို့ကကျပ်၆၅သိန်းကျော်အကုန်အကျခံဆောက်လုပ်လျှဒါန်းခဲ့ကြောင်းသိရသည်။

အေးမြင့်စန်း(ပြန်/ဆက်)

အမည်ပြောင်း

အဖဦးတင့်ဆွေ၁၂/မကန(နိုင်) ၀၁၂၈၂၄၇ ၏သားဖြစ်သူ မှတ်ပုံတင်အမှတ်၁၂/ဗတထ(နိုင်)၀၃၇၈၂၀ကိုင်ဆောင်သူ မောင်မြတ်နိုးဦး အား မောင်မြတ်နိုးဦး(ခ)မင်းနိုင်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်



အစိုးရစာရင်းစစ်ဟောင်းများမိတ်ဆုံစားပွဲ

နိုင်ငံတော်စာရင်းစစ်ချုပ်ရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစိုးရစာရင်းစစ်ဟောင်းများ၏ (၅) ကြိမ်မြောက် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မိတ်ဆွေဟောင်းများအား ဆုံတွေ့နိုင်ရန် အတွက်ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ယာယီအမှုဆောင်အဖွဲ့

နေ့ရက်- စ-၂-၂၀၁၅ (တနင်္ဂနွေနေ့)

အချိန် -နံနက်(၁၀း၀၀)နာရီမှ(၁၂း၀၀)နာရီအထိ

နေရာ -အမှတ်စ၂- နတ်မောက်လမ်း၊ ရန်ကုန်မြို့

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ခန်းမ။

တိုက်ခန်းအမြန်ရောင်းမည်

သိန်း (၃၄၀) ပွဲစားမလို

ပေ(၁၂×၆၀) ပထမထပ်(ပြင်ဆင်ပြီး)

နှင်းဆီကုန်(က)ရပ်ကွက် သယံဇာတမြို့နယ်

ဖုန်း-၀၉- ၄၂၀၂၇၀၃၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက် အမှတ်စဂ၊ မြေကွက်တည်နေရာ အမှတ် ၈၄၊ တော်ဝင်လမ်း၊ ၃ ရပ်ကွက်၊ ရွှေပြည်သာ(ဒေါက်တာရဲတွင်)အမည်ပေါက် ပါမစ်မြေအား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူဦးစိန်လှနှင့်ဒေါ်တင်တင်အေးတို့နှစ်ဦးအနက် ဦးစိန်လှ ကွယ်လွန်၍ ဒေါ်တင်တင်အေး(၁၂/အစန(နိုင်) ၀၀၅၀၀၈၅)မှ တရားဝင်ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျန်လျှာ၊ ထောက်ခံကျမ်းကျိန်လျှာ၊ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျန်လျှာ၊ အရပ်ကတိစာချုပ်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် (၆၀)မြောင်းစာချုပ် (၇ရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဖြိုးပြစ်မံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

ရခိုင်ပြည်နယ်အတွင်း လူငယ်များကောင်းမွန်သော အလုပ်အကိုင်ရရှိရန်သင်တန်းများဖွင့်လှစ်

စစ်တွေ၊ ဇန်နဝါရီ ၁၁

ရခိုင်ပြည်နယ်အတွင်း လူငယ်များ ကောင်းမွန်သော အလုပ်အကိုင်ရရှိ ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၏ လမ်းညွှန်မှုဖြင့် DUAL TECH Vocational Training Centre (ယှဉ်တွဲနည်းပညာစက်မှုနှင့် အသက်မွေး သင်တန်းကျောင်း၊ ရန်ကုန်)မှ လျှပ်စစ်၊ ဝါယာရိန်းသင်တန်းနှင့် ရေခဲသေတ္တာ၊ လေအေးပေးစက်ပြုပြင်တပ်ဆင်ခြင်းသင်တန်းများကို စစ်တွေမြို့ မင်းဘာကြီးလမ်းရှိ DUAL TECH Engineering Co.Ltd (စစ်တွေရုံးခွဲ)၌ ဇန်နဝါရီ ၈ ရက်နေ့ စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းအား ဇန်နဝါရီ ၈ရက်မှ ၂၃ရက်အထိ ၁၆ ရက်ကြာ အခမဲ့ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိ ကြောင်း သိရသည်။

အဆိုပါသင်တန်းများသို့ စစ်တွေ၊ ရသေ့တောင်၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ကျောက်တော၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်တို့မှ သင်တန်းတစ်ခု ချင်းစီအလိုက် သင်တန်းသား ၆၀ တက်ရောက်လျက်ရှိသည်။

ယင်းသင်တန်းတွင်နည်းပြဆရာ ငါးဦးနှင့် သရုပ်ပြဆရာလေးဦးတို့က လျှပ်စစ်ဝါယာရိန်းနှင့် ရေခဲသေတ္တာ၊ လေအေးပေးစက်ပြုပြင်ခြင်းသင်ခန်း စာများကို သင်ထောက်ကူပစ္စည်းများ ဖြင့် စနစ်တကျသင်ကြားပေးလျက် ရှိပြီး စာတွေ့သင်ကြားမှု ၃၀ရာခိုင် နှုန်းနှင့် လက်တွေ့သင်ကြားမှု၇၀ ရာခိုင်နှုန်းဖြင့် သင်ကြားပေးလျက် ရှိကြောင်းသိရသည်။

ရခိုင်ပြည်နယ် ပြန်/ဆက်

ပင်ဝဲဘူတာနှင့် မော်လူးဘူတာကြား မီးရထားလမ်း အဆင့်မြင့်တင်

မော်လူး၊ ဇန်နဝါရီ ၁၁

မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပေါ်ရှိ ပင်ဝဲဘူတာနှင့် မော်လူးဘူတာကြား မီးရထားလမ်းကို ၂၀၁၄ ခုနှစ်ဒီဇင်ဘာလ ကုန်ပိုင်းမှ စတင်၍ ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်ကာ မီးရထားလမ်းအဆင့်မြင့်တင်ခြင်းကို ဆောင်ရွက်လျှက်ရှိကြောင်း သိရသည်။

ယင်းမီးရထားလမ်း ကွန်ကရစ် ဇလီဖားတုံး လဲလှယ်တပ်ဆင်ခြင်းကို အင်းတော်မီးရထားဘူတာမှ လမ်းဗိုလ်ကြီး ဦးတင်လှ ဦးဆောင်ပြီး မော်လူးမီးရထားဘူတာမှ လမ်းဗိုလ်လေး ဦးထင်လတ်အောင်နှင့် ပြင်ပသံလမ်းအလုပ်သမား ၁၅ ဦးတို့ သည်သစ်သားဇလီဖားတုံးများနေရာတွင် ကွန်ကရစ်ဇလီဖားတုံး များဖြင့် လဲလှယ်တပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုတွင် တစ်ရက်လျှင် ဇလီဖားတုံး ၅၀ လဲလှယ်ဆောင်ရွက်ခဲ့ကြောင်း၊ ပင်ဝယ်ဘူတာနှင့်မီးရထားဘူ တာကြားတွင် ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင် ပြီး စီးပါက မော်လူးမီးရထားဘူတာယာဒ်ဝင်းရှိ မီးရထားလမ်းများ အား ကွန်ကရစ်ဇလီဖားတုံးများ လဲလှယ်တပ်ဆင်မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။ **ခင်မောင်ဆွေ**

ရေထိန်းသိမ်းထားနိုင်မှုနည်းသော ရန်အောင်ကန်အား ပြန်လည်ပြုပြင် ပေးရန် ဒေသခံများမျှော်လင့်

မန္တလေး ဇန်နဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး ရမည်း သင်းမြို့နယ် ညောင်လေးပင်ကျေး ရွာတွင် စိုက်ပျိုးရေနှင့် သုံးရေအတွက် အဓိကအားထားရသော ရန်အောင် ကန်ကြီးမှာ ယခုနှစ်တွင် ကန်ပေါင် ကျိုးပြတ်နေပြီး ရေဝင်ရောက်ထိန်း သိမ်းထားနိုင်မှု နည်းသောကြောင့် ဒေသခံပြည်သူများ စိုက်ပျိုးရေနှင့် သုံး ရေအတွက် လုံလောက်မှုမရှိ အခက် အခဲရှိကြောင်း သိရသည်။

စိုက်ပျိုးရေနှင့် သုံးရေအတွက် အားထားရသော ယင်းရန်အောင် ကန်မှာ ညောင်လေးပင်ရွာ အနောက် ဘက်တွင်တည်ရှိပြီး ခုနှစ် မိုးရာသီ ဇူလိုင်လအတွင်းတွင် ရွာသွန်းခဲ့သော မိုးကြောင့် တောင်ဘက်ပေါင်မှာ ကျိုး ပြတ် ပျက်စီးသွားပြီး ကျိုးပြတ်ပျက်စီး သွားသောပေါင်အား သဲအိတ်များချ ၍ ပြန်လည်ပြုပြင်သော်လည်း ထပ်မံ ရွာသွန်းသောမိုးကြောင့် သဲအိတ်များ ရေနှင့်အတူ မျောပါသွား၍ ကန်ပေါင် မှာ ကျိုးပြတ်လျက်ပင်ရှိသည်။

ကန်အတွင်းသို့ ဝင်ရောက်လာ သော ရေများမှာလည်း ကန်ပေါင်ကျိုး ပြတ်နေ၍ ရေရှည်ထိန်းမထားနိုင် ခြင်းကြောင့် ရေရရှိမှုနည်းကာ စပါး အောင်ရေအတွက် အခက်အခဲ ဖြစ် လျက်ရှိသည့်အပြင် ကန်အတွင်းဝင် ရောက်သောရေ ထိန်းသိမ်းထားနိုင်မှု နည်းသောကြောင့် ရေတွင်းများမှာ လည်း ရေလိုက်နည်း၍ စိုက်ပျိုးရေ အတွက် ရေတွင်းများတူးဖော်ရာ တွင်လည်း ယခင်ကန်အတွင်း ရေရှိ စဉ်ကကဲ့သို့ မဟုတ်ဘဲ တွင်းနက်များ တူးရသောကြောင့် ကုန်ကျစရိတ် ယခင်ကထက်ပိုကြောင်း သိရသည်။

ရန်အောင်ကန်တွင် ကျိုးပြတ်နေ သော ကန်ပေါင်အား ပြန်လည်ပြုပြင် ခြင်း၊ ကန်အတွင်းရှိ သဲနုန်းများ၊ ချို့ နွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်း ပြန်လည်တူးဖော်ခြင်းများကို သက် ဆိုင်ရာမှ ဆောင်ရွက်ပေးပါက ညောင် လေးပင် ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများအတွက် များစွာအကျိုး ရှိမည်ဟု ဒေသခံတောင်သူများက မျှော်လင့်နေကြောင်း သိရသည်။

လှိုင်သန်းတင့် (ရမည်းသင်း)

မိုးဒဏ်ကြောင့် ၁၅နေရာအတွင်း မြေပြိုမှု ဖလမ်း–လိုင်းလွန်–ခွန်းလီ လမ်းပေါ်ရှိ မြေပြိုစာများ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်

ဖလမ်း ဇန်နဝါရီ ၁၁

ချင်းပြည်နယ် ဖလမ်းမြို့နယ် ဖလမ်း-လိုင်းလွန်-ခွန်းလီ လမ်းပေါ်ရှိမြေပြိုစာများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖလမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင် မင်းနှင့်ဖလမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးလာလ်ဟုပ်ထန်းတို့က ဇန်နဝါရီ၆ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ဖလမ်း-လိုင်းလွန်-ခွန်းလီလမ်းမှာ မိုးဒဏ် ကြောင့် ၁၅နေရာ၌ မြေပြိုမှု၍ လမ်းကြောင်းပိတ်ဆို့လျက် ရှိရာ မြေပြိုစာများဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းဆောင် ရွက်ပြီးစီးပါက လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ခြောက်ရွာ၊ အိမ်ခြေ ၃၃၅ လုံး၊ လူဦးရေ ၅၆၇၃ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး စီးပွားရေး၊ လူမှု ရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် လုပ်ငန်းများတွင် များစွာ အထောက်အကူပြုသွားမည်ဖြစ်သည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ် ကျေးလက်လမ်းတံတား ပြင်ဆင်ထိန်းသိမ်းစရိတ် ခွင့်ပြုငွေကျပ် ၁၈ ဒသမ ၅၅ သန်းဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

စိုဟောဆာ

ခင်ဦးမြို့နယ်အောင်သာကျေးရွာရှိကျေးလက်ကုန်ထုတ်ချောင်းကူးတံတား ပြီးစီး

ခင်ဦး၊ ဇန်နဝါရီလ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘို ခရိုင်၊ ခင်ဦးမြို့နယ်၊ အောင်သာကျေး ရွာ ကျေးလက်ကုန်ထုတ်ချောင်းကူး တံတားကို ဇန်နဝါရီလအတွင်း ပြီးစီးမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါ ခင်ဦးမြို့နယ်၊ အောင်သာ ကျေးရွာ ကျေးလက်ကုန်ထုတ်ချောင်း ကူးတံတားကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၅ ရက်က စတင်ပြင်ဆင်ဆောက် လုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ချောင်းကူးတံတားကို ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲ ဆရာတော်ဦးဝေပုလ္လ ဦးဆောင်မှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းကျေးလက်ကုန်ထုတ်တံတား မှာအရှည် ပေ ၄၀၊ အကျယ် ၁၂ ပေ၊ RC ထု ၅ လက်မခင်း တံတားကို တိုင်းဒေသကြီး အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး ရေး ရန်ပုံငွေကျပ်ကိုးသိန်းထောက်ပံ့ ပြီး ပြည်သူများမှကျပ်၁၈သိန်းခန့် ဖြင့် ဆောက်လုပ်နေကြောင်း သိရ သည်။ **ခင်ဦးစိုးဝေ**





၂၀၁၄-၁၅ပညာသင်နှစ် ပညာရေးစုံညီပွဲတော် မြင်းမူမြို့နယ်၌ကျင်းပ

မြင်းမူ၊ ဇန်နဝါရီ ၁၁

အ ထ က (၃)မြင်းမူ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၈ နာရီက အဆိုပါကျောင်းရှေ့တွင် ကျင်းပခဲ့သည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်မာ၊ အ ထ က (၃)ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစိုးတို့က အမှာစကား ပြောကြားကြသည် ။

တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူများ၊ တိုင်းဒေသကြီး၊ ခရိုင်မြို့နယ်အဆင့် စာစီစာကုံး၊ ပန်းချီနှင့်ပုံပြောပြိုင်ပွဲဆုရ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတွင်းအတန်းလိုက်ဆုများ၊ အားကစားထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအားတာဝန်ရှိသူများက ဆုများခံယူမြှင့်ခဲ့ပြီး ငွေပဒေသာပင် စိုက်ထူရန်အတွက် လျှုဒါန်းပေးသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခြင်း၊ သင်ကြားသင်ယူမှု၊ ကျောင်းတက်မှုနှုန်းမှု၊ အားကစားထူးချွန်မှုဆုရှိသောဆရာ ဆရာမများအားဆုပေးခြင်းများဆောင်ရွက်ခဲ့ကြောင်းသိရသည်။ (၆၂၄)

နတ်မောက်မြို့နယ်၌ နွေစပါးအစားထိုး စိုက်ခင်းများ စိုက်ပျိုး

နတ်မောက်၊ ဇန်နဝါရီ ၁၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် နတ်မောက်တမံမှ နွေစပါးအတွက် ဆည်ရေပေးလွှတ်မှုမရှိခြင်းကြောင့် နွေစပါးမစိုက်ပျိုးကြပဲ ကြက်သွန်နီစိုက်ပျိုးခဲ့ကြရသော်လည်း ယခင်နှစ်ကဲ့သို့ ကြက်သွန်စျေးနှုန်း အရှုံးပေါ်မည်ကိုတောင်သူများ အထူးစိုးရိမ်လျှက်ရှိကြောင်း ဘုန်းတော်ပြည့်အုပ်စု လက်ပဝုံးတောင်သူများကပြောသည်။

နတ်မောက်တမံမှ နွေစပါးအတွက်ဆည်ရေပေးလွှတ်မှု မရှိတော့သဖြင့် ယင်းချောင်းအတွင်းတောင်သူများ ဆောင်းကြက်သွန်နီ၊ အာလူးစိုက်ခင်းများ မြေပြင်စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်းသိရသည်။

ယခုနှစ်ဆည်မြောင်းမှဆည်ရေပေးဝေနိုင်မှုအရ နတ်မောက်မြို့နယ်အနေဖြင့် ကျောက်တံခါးတမံမှ နွေစပါး၁၅၀ဧကကို သာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်းသိရသည်။

နွေစပါးမစိုက်ပျိုးနိုင်သည့် စိုက်ခင်းများတွင် အစိုခါတ်ဖြင့် ကုလားပဲနှင့် နေကြာသီးညှပ် စိုက်ပျိုးခြင်း၊ ရေစုပ်စက်ရေတင်ပေးနိုင်သည့် စိုက်ခင်းများတွင် အကျိုးအမြတ်သေချာသည့် ဖူးစားပြောင်းစိုက်ခင်းများ ပိုမိုစိုက်ပျိုးလာကြကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်လင်းကပြောသည်။

နတ်မောက် ဒေသထွက် ကုလားပဲသီးနှံသည် ရေအနည်းလိုသည့် နွေသီးနှံအဖြစ် စိုက်ပျိုးလုပ်ကိုင်နေကြရသော်လည်း လက်ရှိစျေးနှုန်းအရ အမြတ်အစွန်းမသေချာနိုင်ကြောင်း ပေါက်ကံကျေးရွာမှ တောင်သူများကပြောသည်။ ဥမ္မာခင်

မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာသို့ သွားရောက်ကြည့်ရှုအားပေး

ငါန်းဇွန်၊ ဇန်နဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သော ကျွဲဇိမ်ကျေးရွာသို့ မြင်းခြံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းနောင်၊ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးဝင်းထွန်းနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များသည် သွားရောက်ကြည့်ရှုခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ချနိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်၍ စီမံကိန်းဝင် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးခဲ့သည်။

ၔင်းငွေ ကျပ်သိန်း ၃၀၀ ကို အရင်းတည်၍ စီမံကိန်းဝင်ကျေးရွာသူ၊ ကျေးရွာသားများမှ စိုက်ပျိုးရေး၊ မွေးမြူရေး ၊ ကုန်သွယ်မှု၊ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ဆောင်ခဲ့ရာ စီမံကိန်း အကျိုးရလဒ် အသီးအပွင့်များကို စတင်ခံစားနေရပြီဖြစ်သည်။

မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူး ဦးကျော်မင်းနောင်နှင့်အဖွဲ့သည် မြစိမ်းရောင် စီမံကိန်းဝင် ကျွဲဇိမ်-ကျေးရွာသူ၊ ကျေးရွာသားများမှ အရင်းမပျောက် မတည်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင်သည် မြစိမ်းရောင် ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများကို စာရင်းဇယားများနှင့် တိကျစွာမှတ်သားထားရန်၊ အတိုးများကိုလည်း မှန်ကန်စွာပေးဆပ်ရန်၊ လုပ်ဆောင်နေသော လုပ်ငန်းများကိုလည်း ဆက်လက်၍အောင်မြင်အောင်လုပ်ဆောင်ကြရန်တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည် ။

ဇော်မင်းနိုင်(မြင်းမြို)

(၆၃)ကြိမ်မြောက်ကယားပြည်နယ်နေ့ပွဲတော်မုခ်ဦးဖွင့်

လွိုင်ကော်၊ ဇန်နဝါရီ ၁၁

၂၀၁၅ ခုနှစ်၊ (၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့ ပွဲတော်မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၈ နာရီကလွိုင်ကော်မြို့၊ ကန္ဒရတီလမ်းနှင့် ကျောင်းသားကွင်းလမ်းဆုံရှိ စာတိုက်အဝိုင်းအနီး၌ ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ဖွင့်ပွဲသို့ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဦးအေးမောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျော်လင်းမောင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများနှင့်ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး(ခ)ဦးဘူးရယ်၊ စီမံ/စီးပွားဝန်ကြီးဦးတော့ရယ်နှင့် ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းခမ်းဝင်းတို့က (၆၃)ကြိမ်မြောက် ကယားပြည်နယ်နေ့ပွဲတော်မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်မြန်/ဆက်**

မိုးရေကျော်မှု မရှိစေရန် တံတားနှစ်စင်း အသစ်တိုးချဲ့

မြင်းမူ၊ ဇန်နဝါရီ ၁၁

မိုးရာသီတွင် မြင်းမူမြို့နယ်၏ မြောက်ဘက်ခြမ်းရှိ ကျေးရွာများ၌ ရွာသွန်းသော မိုးရေများ စီးဆင်းလာမှုကြောင့်ရေကျော်လေ့ရှိသည့် မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ်(၅၃/၂)နှင့် (၅၃/၄)အကြားရှိတံတားအမှတ်(၁/၅၄)နှင့် (၂/၅၄) တို့အား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် အသစ်တိုးချဲ့ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်၊ အလ္လကပွကျေးရွာအနီးရှိ မုံရွာ-မန္တလေးကားလမ်းမကြီး မိုင်တိုင်အမှတ်(၅၃/၂)နှင့် (၅၃/၃) အကြားရှိ သုံးပေပိုက်နှစ်လုံးဖြင့် ပြွန်တံတားအမျိုးအစားအဖြစ် တည်ဆောက်ထားသည့် တံတားအမှတ်(၁/၅၄)အား ရေထွက်ပေါက်အကျယ် ၁၀ ပေရှိ ကွန်ကရစ်တံတားအမျိုးအစားအဖြစ် လည်းကောင်း၊ မိုင်တိုင်အမှတ်(၅၃/၃) နှင့် (၅၃/၄) အကြားရှိ ရေထွက်ပေါက် ရှစ်ပေအကျယ် တည်ဆောက်ထားသည့် တံတားအမှတ်(၂/၅၄)အား ရေထွက်ပေါက်အကျယ် ပေ၂၀ ရှိ ကွန်ကရစ်တံတားအမျိုးအစားအဖြစ်လည်းကောင်း အသစ်တိုးချဲ့တည်ဆောက်နေခြင်းဖြစ်သည်။

မုံရွာ-မန္တလေးကားလမ်းမကြီး မိုးရေကျော်မှု မဖြစ်ပေါ်စေရန်အတွက် ယခင်ထက် ရေထွက်ပေါက် ပိုမိုကျယ်သည့် ကွန်ကရစ်တံတား နှစ်စင်းကို အသစ်တိုးချဲ့တည်ဆောက်လျက်ရှိကြောင်းသိရသည်။

ထို့ပြင် မိုးရေများ စီးဆင်းရာ လမ်းကြောင်းတစ်လျောက်ကို မြေကော်စက်ကြီးများဖြင့် ဘောင်များ ပြုပြင်ခြင်းနှင့် ရေလမ်းကြောင်းတစ်လျောက်ရှိ ချီးနွယ်များအား ရှင်းလင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်ဟေမာနွယ်က ပြောပြသည်။

အဆိုပါ ကွန်ကရစ်တံတားနှစ်စင်းသည် ကတ္တရာလမ်းအကျယ် ၂၈ ပေ၊ လူသွားလမ်းအကျယ်သုံးပေစီဖြင့် စုစုပေါင်း တံတားအကျယ် ၃၄ ပေစီဖြစ်ပြီး ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိကြောင်း သိရသည်။ **ဖိုးခါး**



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
Hyundai porter II Box
ညှိနှိုင်းစျေးဖြင့်ရောင်းမည်။
Ph:09-31022373

POSSIBLE Travels & Tours

♦ဘားအံ-ဘီးလင်း-မဲလံတောင်	Jan 3,10,17,24,31	၃၅၀၀၀
♦မော်လမြိုင်-ကျိုက္ခမီ-စက်စဲ	Jan 3,10,17,24,31	၃၅၀၀၀
♦တောင်ငူ-သံတောင်-ဖိုးကျားဆင်စခန်း	Jan 3,10,17,24,31	၃၅၀၀၀
♦ပြည်-ထုံးဘို-အကောက်တောင်	Jan 10,17,31	၃၀၀၀၀
♦ကရင်ပြည်နယ်+မွန်ပြည်နယ် (2N-3Day)	Jan 3	၉၀၀၀၀

➢ အဆင့်မြင့် Scania ကားများဖြင့်သာ စီစဉ်ပေးပါသည်။ ➢

ဖုန်း- ၀၁-၇၀၆၇၁၆၊ ၀၁-၃၇၂၇၉၅၊ ၀၉-၂၅၉၂၅၇၁ ၀၉-၂၅၉၂၅၇၂၅)

Myanmar WWW Institute မှ သင်ကြားပေးလျှက်ရှိသော လုပ်ငန်းခွင်ဝင်ရောက်နိုင်မည့် Professional သင်တန်းများ

ESSENTIAL PROGRAMMING
Mon+Wed+Fri 9:15 am ~ 12:15 pm
Programmer တစ်ဦးအဖြစ်ရပ်တည်နိုင်စေရန် ပထမဆုံးခြေလှမ်း
Code များပေးရာဝင် Logic နှင့် Concept များကိုစနစ်တကျပြောင်းတတ်စေရန်
Pseudo Code & Flow Chart
Programming အခြေခံများကိုသိရှိနားလည်စေရန်
Basic Programming Structure, Array, Function
OOP အခြေခံ Programming Language များကိုဆက်လက်ဝင်ရောက်လေ့လာရာတွင် အခြေခံကောင်းများရှိပြီး အင်ထောက်အကူဖြစ်စေရန်အတွက်
Class, Object, Inheritance & Polymophism

System Essentials
Mon+Wed+Fri 4:00 pm~7:00 pm
လုပ်ငန်းခွင်ကျွမ်းကျင် PC Technican တစ်ဦးဖြစ်စေရန်သင်ကြားပေးမည်
ကွန်ပျူတာမ်ားပြဿနာ၊ စည်းတည်ဆောက်ပုံနှင့် Data Backup ပြုလုပ်ခြင်း
System Analysis, BIOS, Data Backup
A+ ထျာရှင်တစ်ယောက်အနေဖြင့် မရှိမဖြစ်လေ့လာထားရမည့်ဘာသာရပ်များ
OS, Application & Antivirus Installation
Network များချိတ်ဆက်ခြင်းနှင့် လုံခြုံရေးဆိုင်ရာပညာရပ်များ
TCP/IP, NTFS permission, DNS, DHCP

.NET Application Developer
Sat + Sun 12:45 pm ~ 3:45 pm
Web Application များကိုကိုယ်တိုင်ရေးသားနိုင်ရန် သင်ကြားပေးမည်
.NET Application Developer တစ်ယောက်အဖြစ်ရပ်တည်နိုင်ရန်
C#.NET, ASP.NET, Validation & Error handling
Oline Web Application များတည်ဆောက်နိုင်ရန်
Web Server Control, Page Life Cycle, State Manage
Server side programming များကျွမ်းကျင်စွာရေးသားတတ်စေရန်
ADO.NET, Role-base Security, Authorization Rules.

Building 5, Room 4, MICT Park, Hlaing Tsp., Yangon. 652288, 521125 Myanmar.WWW.Institute

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်သစ်၊ ကန်ကောက်ရပ်ကွက်နေ ဦးစောလွင်(ခ)ဦးစိန်တာ-ဒေါ်ဌေးရီတို့၏ သားကျွန်တော် ကိုဝင်းလှိုင်[၉/ပသက(နိုင်)၀၀၀၀၁၀]နှင့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်နေ ဦးခင်မောင်မြင့်-ဒေါ်မြင့်မြင့်နွယ်တို့၏သမီးကျွန်မ မနီလာဝင်း [၉/ပသက(နိုင်)၀၉၁၃၀၀၄] တို့သည် နှစ်ဖက်အသိသက်သေများရှေ့တွင် လက်ထပ်ပြီးစီးပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကိုဝင်းလှိုင်-မနီလာဝင်း

အလုပ်အကိုင် အခွင့်အလမ်း ကဏ္ဍ

CLASSIFIEDS

Primeflux Group

a leading M & E Engineering Company in Singapore has immediate vacancies for the following positions due to current expansion:

1) Asst Project Manager/Project Engineer (Mechanical & Electrical)

- Degree in Electrical / Mechanical or equivalent
- Min 2 years relevant experience
- Positive attitude, committed & able to handle projects independently
- Good team player with ability to lead & multi-task
- Good interpersonal skills to all levels
- Good knowledge of M & E co-ordination
- Ability to tender & design D & B Building M & E Services Package
- Overseas ACMV or Electrical on-site experience is preferred
- Good Command of English both written and spoken
- Overseas Posting is Required

Interested applicants, Please email your detailed resume with last drawn and expected salary to
recruit.mm@primeflux.com.sg

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းနေ သာဓနုထားရန်)

Office Staff - (၄) ဦး
(AKK Shopping Mall)

- CV Form

COSMO HEALTH & SKIN CARE CENTER
- AKK Shopping Mall, 2 Fl,

Your Travel Co.,Ltd
Tour Assistant တာဝန်ခံ (၄) ဦး

Myanmar Finest Automobile Co., Ltd

1. Sales & Marketing Manager — Female (1) Posts
2. Receptionist & Customer Care — Female (1) Posts
3. HR Assistant — Female/Male (1) Posts
4. Cashier — Female (1) Posts
5. Purchaser — Male (2) Posts
6. Assistant Store & Quality Control — Male (2) Posts
7. Driver — Male (3) Posts
8. Security — Male (2) Posts

ဝန်ထမ်းအလိုရှိသည်

Sunpak International Group Co.,Ltd.၏ ပျဉ်းမပင်စက်ရုံတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းများ အလိုရှိသည်။

(၁) Accountant — မ(၅)ဦး
- B.Com(or)LCCI Level III ရရှိထားသူ၊
- အတွေ့အကြုံ(၃)နှစ်အထက်ရှိသူ၊ (၃၀)နှစ်အောက်။

စိတ်ပါဝင်စားသူ မည်သူမဆို CV Form အပြည့်အစုံနှင့်တကွ တိုက်(၃၈)၊ အခန်း(၇)၊ ဒုတိယထပ်၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်။
Ph-09 254264068, 09-420042665

ဝန်ရှေ့နန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ
Labour Contractor အလိုရှိသည်

အထပ်မြင့် (၈၁) mini condo, Pile Foundation၊ ဓာတ်လှေကားပါ အဆောက်အအုံဆောက်လုပ်ရန် အတွေ့အကြုံရှိ Labour Contractor အဖွဲ့ အလိုရှိသည်။

ဆက်သွယ်ရန်
အမှတ်(၁၀၅၂/က)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉၈၆၅၀၃၀၄

အမျိုးသမီးအရောင်းဝန်ထမ်းအလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။
မှတ်ချက်။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၄၃၁၂၃၄၀၊ ၀၉-၅၁၅၅၇၂၁
(ရုံးချိန်အတွင်းသာ)

VAC
VALUE ADDED CONSULTANCY

ပြန်မကြည့်ညီတွယ်ကပေးပါ အကိုင်ရှာရတဲ့ရေးကိုပါပဲ။

VAC မှာ ဝန်ထမ်းရှားပါ VAC မှာ အလုပ်ရှာပါ

ဝန်ထမ်းကိုအမြန်ဆုံးသောလုပ်ငန်းများအတွက်
အရည်အချင်းပြည့်မီပြီး သင်ယူတတ်ပြီးတတ်ကျွမ်းကျင်ပြီးသည်။
ဝန်ဆောင်စိတ် => ဝန်ထမ်းဆောင် 4219 521 ကို ရုပ်ပိုင်းရုပ်သဏ္ဌာန်ကောင်းမွန်ပြီး
ရင်ကျက်မှု ဝန်ဆောင်မှု ကြီးမားပေးနေ့ အကိုပါ
VAC မှာသင့်အလုပ်ရှာပြီး အလုပ်လျှောက်လွှာတင်ပြီး ဝန်ဆောင်ပေးနေပါတယ်ဗျာ

Job Openings for Foreign Firms

Country Manager (Australian Co.) - Exp in Business and Project Management Field, (Australian Passport Holder Only)	Very High Salary	M/F(1)
Sales Manager (Vietnam) - Exp in Electronics Field,	[illegible]	M/F(1)
Marketing Manager-5yrs Exp in Construction Material,	[illegible]	M(2)
HR Manager (Australian / Thai) - Exp in HR, Payroll & Development Role,		M/F(1)
HR Executive (HK Co) - 5yrs Exp in Human Resources Field,	[illegible]	M/F(1)
Logistics Manager (Japan) - Any Grad, 5 yrs Exp in Warehousing, Transporting and Logistics Field,	[illegible]	M/F(1)
Admin Manager (Japan) - Any Grad, Exp in Relevant field (Construction Field, Preferable in Japan R1,	[illegible]	M(2)
Phone Service Manager - Exp in Mobile Software & Hardware Field,		M(1)
Project Engineer-BE(Civil), 10yrs Exp in Construction Field,	[illegible]	M(1)
Structure / QS Engineer - BE (Civil), Exp in Relevant Field,	[illegible]	M/F(2)
Sales Engineer - BE (Civil / ME / EP) EC/ MC), No need Exp,	[illegible]	M/F(2)
Admin Staff -No need Exp, Good Command in Japan R1,	[illegible]	M/F(1)
Lawyer - LLB / BA (Law) / DBL, Exp in Relevant Field,		M/F(3)
English / Korean / Chinese / Japanese Translator		M/F(5)

E-mail ပြုပြီး အလုပ်လျှောက်နိုင်ပေမယ့် ၊ CV ကို MS Word File ၊ Photo ကို Jpg File ပြုလုပ်ပါ
ဗွာလွှဲသေးတဲ့ အလုပ်အကိုင်အခွင့်အလမ်းများ => www.vacjobsearch.com
No.115, 4th Floor,19th St, Latha Tsp, Yangon, E-mail: vacjobsearch@gmail.com
Ph: 01-395915, 01-395922, 09-73012717, 09-5162694

Internet CCTV Installer(Freelance) အလိုရှိသည်

လက်ရှိသက်သာတွင် တပ်ဆင်ရန် Internet CCTV Installer (Freelance) ကျွမ်းကျင်သူ အလိုရှိပါသည်။ အကြံပြုနိုင်သူဖြစ်ရပါသည်။
နေ့ချိန်လျော်ဆက်သွယ်ရန်
09-32190228, 09-79530258[illegible]

Seven Colour Textile Trading Co.,Ltd ဝန်ထမ်းအလိုရှိသည်

သွင်းကုန်-ဖြန့်ချိရောင်းချရေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

1. စာရင်းကိုင် — မ (2) ဦး
2. လက်ထောက်စာရင်းကိုင် — ကျား/မ (3) ဦး
3. လက်ထောက်စာရင်းကိုင်အကူ — ကျား/မ (3) ဦး
4. စတိုမန်နေဂျာ — ကျား/မ (2) ဦး
5. Cashier — မ (2) ဦး

လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ အတွေ့အကြုံရှိသူကို ဦးစားပေးမည်ဖြစ်ပါသည်။

လိပ်စာ-တိုက်(16)၊ အခန်း(4)၊ စပယ်လမ်း၊
ယုဇနပလာဇာအနောက်ဘက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
Ph:01-294323, 205028, 206199, 8619038

အလုပ်အကိုင် အခွင့်အလမ်း ကဏ္ဍ

CLASSIFIEDS

[illegible]

YANGON SUPPER CLUB

EUROPEAN RESTAURANT မှ

အောက်ပါဝန်ထမ်း အမြန်အလိုရှိသည်

(1) WAITER	(M)	15 POST
(2) WAITRESS	(F)	10 POST
(3) BAR MEN	(M)	3 POST
(4) CLEANER	(M/F)	3 POST
(5) KITCHEN HELPER	(M)	5 POST

လျှောက်ထားရန်လိုအပ်ချက်များ။ ။ CV FROM၊ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ။ ပညာရေးအထောက်အထားများ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာများနဲ့အတူ အမှတ်(၆)၊ နှင်းဆီလမ်း၊ တိုစတာဥယျာဉ်အိမ်ရာ၊ လေးဒေါင့်ကန်လမ်း၊ သယ်နီးကျွန်းမြို့နယ် သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

PH:09-254678595, 09-420011066

ပျောက်ဆုံးကြောင်း

မောင်ဇော်ဝင်းရှိန်[၁၂/ရကန(နိုင်)၀၇၀၁၆၉] ၏ CDC 095688 နှင့် PP MA 380988 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **Ph: 09-873105593,09-796123632**

အလိုရှိသည်

-ထမင်းချက်ကျွမ်းကျင် မ(၁)ဦး

-အိမ်အကူ မ(၁)ဦး

Ph:09-972280811

ဝန်ထမ်းအလိုရှိသည်

-အိမ်ခြံမြေကျွမ်းကျင်ဝန်ထမ်း ကျား/မ(၃)ဦး

-ယာဉ်မောင်း ကျား (၂)ဦး

Ph: 01-9190520/09-31135462, 09-33993377

HIGHWAY STAR

ဝင်းဂုဏ်ရောင်ကုမ္ပဏီလီမိတက်တွင် စာရင်းကိုင် မ (၃)ဦး အလိုရှိသည်

အသက် ၂၃ မှ ၃၅ နှစ်ကြား၊ B.Com/L.C.C.I Level (3)/ B.A (Eco) လုပ်သက် (၁)နှစ်။ ဆက်သွယ်ရန်-(၁၂၈၇)၊ ပင်လုံလမ်းနှင့် ကျောင်းလမ်းထောင့်၊ မြောက်ဒဂုံမြို့နယ်၊

ဖုန်း-၅၈၀၅၅၀၊ ၀၉-၄၂၀၀၂၅၄၉

မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်(MCC) ဝန်ထမ်းအလိုရှိသည်(ပြည်တွင်းမှသာလျှောက်ထားရန်)

MCC Group သည် ပြည်တွင်းပါဝင်ကုမ္ပဏီများ ပညာရေးဝန်ဆောင်မှု(Education Services)၊ ICT ဝန်ဆောင်မှု(ICT Services)များကို ပေးဆောင်ရာတွင် ကျွမ်းကျင်ပြီးသားဖြစ်ပြီး MCC Training Institute(Campus) ကနေတဆင့် ပညာပေးတိုးတက်ရေးနှင့် အကြီးစားကျွမ်းကျင်ပညာရှင်များ ပြုစုပျိုးထောင်ပေးခြင်းနှင့် International Software Development Center ကနေတဆင့် B.Sc(Hons.)Business IT ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် Government ဝန်ထမ်းများကို MCC Capacity Development Centre ကနေတဆင့် Data Center ဖွင့်လှစ်ခြင်းနှင့် BPO (Business Process Outsource) ဝန်ဆောင်မှုပေးခြင်းနှင့် BPO Service ပေးနိုင်ရေးအတွက် Microsoft, Oracle, SAP ကဲ့သို့ Gold Partner ဖြစ် Enterprise Solution ဝန်ဆောင်မှုများပေးခြင်းနှင့် MCC group ၏ ကျယ်ပြန့်သော ဝန်ဆောင်မှုများကို ပေးနိုင်ရန် ဝန်ထမ်းများ ခန့်အပ်ထားပါသည်။

1). General Manager (MCC Training Institute) Male/Female (4) Posts

- MCC Training Institute (MCC's Campus) ရဲ့ တာဝန်ယူဆောင်ရွက်ရန်
- ပညာတတ်(MBA)
- [illegible]
- [illegible]

2). General Manager (MCC BPO Services) Male/Female (1) Posts

- MCC ဆောင်ရွက်လျက်ရှိသော BPO Services (Mandalay) ရဲ့ တာဝန်ယူဆောင်ရွက်ရန်
- MBA ပညာ
- [illegible]

3). Sales Director (Enterprise Solution) Male/Female (1) Posts

- Microsoft, Oracle, SAP [illegible] Enterprise Solution [illegible]
- [illegible]
- MBA ပညာ Sale Deal [illegible]

4). Professors, Lecturers, Assistant Lecturers

- MCC Training Institute (MCC's) Campus ရဲ့ School of Computing (IT), School of Business Management [illegible]
- Ph.D, M.C.Sc, MBA ပညာရှင်များ

5). Project Manager

- MCC Group [illegible] ICT Services Project [illegible]
- M.C.Sc, ပညာ ICT Knowledge Background ရှိသူများ (M.Sc, Strategic Business IT, B.Sc, Business IT, PgD Strategic Business IT)
- [illegible]

6). Executive Officer Male/Female (5) Posts

- MCC Group ၏ Senior Management Office ဖွဲ့စည်းတည်ထောင်ရန်
- MBA ပညာတတ် EXE executive Officer [illegible] Senior Management [illegible]
- [illegible]

[illegible]

Justice Square Complex, Building (8) 1st Floor, Kamayut Township, Yangon, Myanmar Tel:(01) 2304157

Daw Khin Thet Swe(HR Department) Tel: 09-33090016, 09-250102128 Email:hr@mccsolution.com

CAREER OPPORTUNITIES;
WANT TO JOIN THE WINNING TEAM

We want to work with the best people, who are engaged and passionate about our business our products and our customers.

APPLY NOW

(1) Marketing Manager	(1) Post
(2) Marketing Executive	(6) Posts
(3) Sales Manager	(1) Post
(4) Sales Executive	(6) Posts
(5) Project Manager	(2) Posts
(6) Auto CAD Draftman	(2) Posts
(7) Installation Carpenter	(10) Posts

Please visit **www.richlife.com.mm** for more about us.
Application open 8 Jan 2015 to 28 Jan 2015.
Send your CV to **career@richlife.com.mm**

RICH LIFE COMPANY LIMITED
1017(C), Pyay Road, Saw Bwar Gyi Gone, Insein Township, Yangon.

09 250440315, 09 43181157, 09 250190379, 09 420255330

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၅ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။(အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၇-၁-၂၀၁၅ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၇-၁-၂၀၁၅ ရက်နေ့မှ ၂၂-၁-၂၀၁၅ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ်၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၇၅၀၀၀/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၇၆၀၀၀/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)(အခြေခံလစာ၉၄၀၀၀+အရည်အချင်းလစာ၁၀၀၀+**M.H.R.A**၅၀၀=၁၀၀၀၀၀)အဖြစ် ခန့်အပ်ပေးမည်။ [ဤ၊ အပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀/-) ခံစားခွင့်ပြုသည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များရရှိမည်-

အဆင့်အတန်း	**အခြေခံ လစာ**	**အရည်အချင်း လစာ**	**M.H.R.A**	**ပေါင်း**
(က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ဒုတိယတန်း)	၉၄၀၀၀	၁၅၀၀	၅၀၀၀	၁၀၀၅၀၀
(ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း)	၉၄၀၀၀	၂၀၀၀	၅၀၀၀	၁၀၁၀၀၀
(ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ)	၁၀၆၀၀၀	၂၀၀၀	၅၀၀၀	၁၁၃၀၀၀
(ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ)	၁၁၂၀၀၀	၂၀၀၀	၅၀၀၀	၁၁၉၀၀၀

မှတ်ချက်။ (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀/- နှုန်းဖြင့် ၅၀၀၀/- အထိ ခံစားခွင့်ရှိသည်။

(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။











မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အိတ်ဖွင့်လေလံကြော်ငြာ

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး/ဆီဟောင်း(Sludge Oil)များ အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်လေလံပြုလုပ်မည့်နေ့ရက် - ၂၁-၁-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)
အချိန် - ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း (စီမံရေးနှင့် လုပ်ငန်းဌာနခွဲ)၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၃-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသောအချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၅ သို့ စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) **စက်နှင့်စက်အရန်ပစ္စည်းများ -** DS 860 Knitting Bag Flexographic Printing Machine, Pressure Transmitter & Temperature Element, Sewing Head (with Motor).

၂။ နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း

(က) **ဓာတုဗေဒပစ္စည်းများ** - Antifoaming Agent, Kuriflock PA-322B, Unicor LHS(Corrosion Inhibitor), Propylene Dichloride (PDC), Dimethyl Disulfide (DMDS), Methanator Catalyst, CO Primary Converter Catalyst, Resins.

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ** - Propane(C3)Cylinder,I/P Converter, Filter Cloth for First Stage & Filter Cloth for Second Stage, Stainless Steel Solid & Rod for New RC Pump Spares, Cooler Tube (Bundles)for Synthesis Gas, Spare Parts for(Synthesis Gas Compressor,Process Air Condensate Pump & MP Carbonate Solution Pump) Spare Parts for(Carbamate Feed Pump, Molten Urea Pump, Flushing Pump, Absorber Feed Pump, Hydrolyzer Feed Pump & CO_2 Compressor), Differential Pressure Transmitter, Control Valve, Spare for Turbo Expander, Pneumatic Piston O-Type Hard Seal Valve, Spare for Feed Gas & Dry Gas Compressor.

၃။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၁၃-၁-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၃-၂-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
Ph:067-411123, 067-411193

ကြော်ငြာ

Pleasant Times Travels & Tours
Release Your stress with Pleasant Times
Tel: 01-500993, 09-73158702, 09-73072661, 09-420029003

စမ်းခေါ်ခွင့် ဧည့်ဝတ်ဝတေ့ရေးဦးလေးပင်နီး
ရန်ကုန် - ပခုက္ခူ - ရန်ကုန်
(၁၅)ရက်ခရီး
ပေ-ဘိန်းကျောင်
(စစ်ကိုင်းမြို့)
ခရီးစဉ်ကြေးငွေ

GL
* ရွှေစက်ကောင်းလုပ်ငန်း Jan 22, Feb 11,28
* အရောင်းဆောင်ကားသယံဇာတ Jan 22, Feb 11,28
* ရွှေစက်ကောင်းဘုရားပွဲတော် Jan 22, Feb 11,28
* ပြည်တော်ကင်ရွန်းဘုရားပွဲတော် Feb 12,20
* ရတနာပြည်နယ်(နတ်မောင်တော်/ဖိုးမရွာန်) Feb 28
* ပြည် အရောင်းဆောင် Feb 11, Mar 1,3
09 7848001, 09 7848001, 09 7848001, 09 7848001

HIGHWAY STAR
Jan(16,24)
Sat
Jan(17,24)
09-253134504, 09-253134300, 09-36220108-105

ဒေါက်ရေးသောင်း
ထားဝယ်၊ ဝန်ကောက်ပြဿုဒိုး၊ ဒဂယ်ယ၊ ကန်ကျွန်ဘုရိ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-133(14-15)	BOP Control Accumulator Unit(1)Lot	US $
(၂)	IFB-134(14-15)	6"×8"R HSB Pump without Motor (3)Lots	US $
(၃)	IFB-135(14-15)	6"×8"R SB Pump without Motor (3)Lots	US $
(၄)	IFB-136(14-15)	Shore Water Pump with Motor(1000gpm x 200ft hd)(2)Lots	US $
(၅)	IFB-137(14-15)	Skid Mounted Water Transfer Pump with Motor (400gpm x 400ft hd,100HP)(1)Lot	US $
(၆)	IFB-138(14-15)	Skid Mounted Water Transfer Pump with Motor (250gpm x600ft hd, 100HP, 400 V)(1)Lot	US $
(၇)	IFB-139(14-15)	Skid Mounted Water Transfer Pump with Motor (200gpm x350ft hd, 50HP)(1)Lot	US $
(၈)	IFB-140(14-15)	Solid Control Unit(1)Lot	US $
(၉)	IFB-141(14-15)	Derrick Shaker Unit(Flow Line Mud Cleaner) FLC-504(2)Sets	US $
(၁၀)	IFB-142(14-15)	Spares for Rotary Table Drive Group Ex GEFCO Drilling Rigs (4)Items	US $

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၂-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

30% OFF ဆင်ထန်းကြေးသင့်ကင်နဲ့ **အာ်လပ်စကား**

ပျောက်ဆုံးကြောင်း ကျွန်တော်ဦးနေဦး [၁၂/မဂတ(နိုင်)၀၈၈၆၉၇]၏ TOYOTA CROWN Chasis No. GRS180-0025645 - 2005 Model ၏ ID No. 806263 Date 25-11-2014, Permit, Export Certificate, Custom Statement နှင့် ကားဓာတ်ပုံပါ စာရွက်စာတမ်း မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၂၇၄၆၄၂**

